ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်၊ စနေနေ့။ Saturday, 3 August 2024 ၁၁၅၃၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်**
စာမျက်နှာ » ၃

**အမိမြေသာယာဖို့... ငါတို့မြေကို ငါတို့ကာကွယ်စို့ ...**
ဆောင်းပါး စာမျက်နှာ » ၆

**ပြည်တွင်းရှိဆီစက်များသို့ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ ရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေများကို ထုတ်ချေးပေးလျက်ရှိ**
စာမျက်နှာ » ၉

# ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းနှင့် ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းတို့တွင် ရေကြီးရေကျော်မှုကျဆင်းသွားသဖြင့် လူစီးရထားခရီးစဉ်များ ဩဂုတ် ၃ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲ

နေပြည်တော် ဩဂုတ် ၂

လက်ရှိမိုးရာသီကာလအတွင်း ဇူလိုင် ၂၇ ရက်မှစတင်၍ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွင်း မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး ရေကြီးရေလျှံမှုများကြောင့် မြန်မာ့မီးရထား၏ ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ ပဲခူးဘူတာနှင့် ဘုရားကြီးဘူတာအကြားနှင့် ပဲခူး-မော်လမြိုင်လမ်းပိုင်းရှိ ပဲခူးဘူတာ-ကလိဘူတာအကြားတို့တွင် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်-ဟသ်ာတ-ကြံခင်း ရထားလမ်းပိုင်းအတွင်း ကျောင်းကုန်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်နှင့် ရေကြည်မြို့နယ်တို့အတွင်း နေရာအချို့တွင်လည်းကောင်း ရထားသံလမ်းအပေါ်သို့ ရေကျော်တက်ခြင်း၊ ရထားတံတားအချို့၏ ရေလယ်တိုင်နှင့် ကမ်းကပ်ခုံများ ရေတိုက်စားခံရခြင်းတို့ကို ကြုံတွေ့ခဲ့ရသဖြင့် ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်နှင့် ပုသိမ်-ဟသ်ာတ-ကြံခင်း

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐



ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း၊ ပဲခူး-ရွှေလှေအကြား ရထားလမ်းတာပေါင်ရေတိုက်စားထားသော နေရာများအား ကျောက်ကြီးများချယူစီထည့်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

# MAI လေကြောင်းလိုင်း၏ မဟာဗျူဟာမြောက် ခရီးစဉ်တိုးချဲ့မှုအစီအစဉ်တွင် ပြည်တွင်း ပြည်ပခရီးစဉ် ၄၁ ခုအထိ ပြေးဆွဲသွားရန် စီစဉ်ထား



ရန်ကုန် ဩဂုတ် ၂

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း MAI သည် ပြည်ပနိုင်ငံများရှိ မြို့ပေါင်း ၃၆ မြို့သို့ တိုက်ရိုက်ခရီးစဉ်များအဖြစ် ပြေးဆွဲပေးနေသည့်အပြင် မဟာဗျူဟာမြောက် ခရီးစဉ်တိုးချဲ့မှု အစီအစဉ်တွင် ပြည်တွင်း ပြည်ပခရီးစဉ် ၄၁ ခုအထိ ပြေးဆွဲသွားရန် စီစဉ်ထားကြောင်း သိရသည်။

MAI သည် မြန်မာနိုင်ငံမှ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ အိန္ဒိယ၊ အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ ရုရှားနှင့် လာအိုစသည့်နိုင်ငံများရှိ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

နေပြည်တော် ဩဂုတ် ၂

| | |
|---|---|
| ရှမ်းရွာသစ် | ၃ ဒသမ ၆၆ လက်မ |
| ကျိုက္ခမီ | ၃ ဒသမ ၃၅ လက်မ |
| ပင်လောင်း | ၃ ဒသမ ၀၃ လက်မ |
| ပိုင်ကျုံ | ၃ ဒသမ ၀၀ လက်မ |
| ဘီးလင်း | ၂ ဒသမ ၉၅ လက်မ |
| မုဒုံ | ၂ ဒသမ ၇၂ လက်မ |
| အမ်း | ၂ ဒသမ ၄၄ လက်မ |
| မဒေါက် | ၂ ဒသမ ၃၆ လက်မ |
| ဖြူး | ၂ ဒသမ ၂၈ လက်မ |

ကြေးမုံ

# တစ်မျိုးသားလုံးကျန်းမာရေး အားလုံးလွှမ်းခြုံစောင့်ရှောက်ပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်၌ “တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး” ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာပါမှ မိမိအကျိုး၊ နိုင်ငံအကျိုးကို အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

တစ်မျိုးသားလုံးသက်ရှည်ကျန်းမာရေးအတွက် ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများကို ကာကွယ်နိုင်ရန် ပြည်သူအားလုံးကို ကာကွယ်ဆေးများ အခမဲ့လွှမ်းခြုံထိုးနှံပေးလျက်ရှိသည်။ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာစေရေးနှင့်ပတ်သက်၍ မိခင်နှင့်ကလေးသူငယ်များကို ကျန်းမာရေးဦးစားပေးဆောင်ရွက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာမည်ဖြစ်သည်။ ကူးစက်တတ်သော ရောဂါများ၊ မကူးစက်တတ်သောရောဂါများကို မဖြစ်ပွားမီက ကြိုတင်ကာကွယ်တားဆီးပေးခြင်းဖြင့် ကျန်းမာသောဘဝများကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

အဓိကကျသော မိခင်နှင့်ကလေးငယ်များ ကိုယ်ခံအားကောင်းမွန်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးခြင်းဖြင့် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာမှုကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ မိခင်နှင့်ကလေးများ ကျန်းမာရေးအတွက် အာဟာရဖွံ့ဖြိုးရေးသည် အရေးကြီးသည်။ ယခုဩဂုတ်လသည် ကျန်းမာရေးဝန်ကြီးဌာနက နှစ်စဉ် ဆောင်ရွက်ပေးသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များဖြစ်သည်။ ဩဂုတ်လပထမပတ်သည် မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်သော လူသားများဖြစ်လာရေးအတွက် မိခင်နို့သည် များစွာအထောက်အကူပြုသည်။

ဩဂုတ်လ ဒုတိယပတ်သည် ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဖြစ်သည်။ မွေးဖွားစကလေးငယ်များအား မိခင်နို့ချိုကို စနစ်တကျတိုက်ကျွေးပြီးနောက် ငါးနှစ်အောက်ကလေးငယ်များနှင့် ငယ်ရွယ်သူ ကျောင်းသားလူငယ်များ အာဟာရပြည့်ဝရေးသည် အရေးကြီးသည်။ ကလေးငယ်များသည် အပင်ပေါက်လေးများကဲ့သို့ ဖွံ့ဖြိုးမှုအရှိန် မြန်ဆန်နေသော အရွယ်ဖြစ်သည်။ ထိုအရွယ်တွင် အာဟာရဓာတ်စုံလင်ကြွယ်ဝစွာဖြင့် ကျွေးမွေးမှသာ ကျန်းမာကြံ့ခိုင်ပြီး ကြီးထွားမှုမြန်ဆန်သူများဖြစ်လာမည်။ ထို့အပြင် အာဟာရဓာတ်ပြည့်စုံကြွယ်ဝမှ ဉာဏ်ရည်ဉာဏ်သွေးလည်း ကောင်းမွန်လာမည်ဖြစ်သည်။

ဩဂုတ်လ တတိယပတ်သည် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဖြစ်သည်။ ကိုယ်ဝန်ဆောင်မိခင်လောင်းများ အာဟာရဓာတ်ကြွယ်ဝသော အစားအစာများကို စားသုံးပေးပါမှ ကျန်းမာသန်စွမ်းသော ကလေးငယ်များကို မွေးဖွားပေးနိုင်မည်ဖြစ်သည်။ နို့တိုက်မိခင်များလည်း အာဟာရဓာတ်များကို ကြွယ်ဝစွာ စားသုံးပေးပါမှ နို့စို့ကလေးငယ်များ ရောဂါဘယကင်းစင်ပြီး ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးမည်ဖြစ်သည်။ ဩဂုတ်လစတုတ္ထပတ်သည် အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်ဖြစ်သည်။ အိုင်အိုဒင်းဓာတ်သည် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအတွက် အရေးပါသည့်ဓာတ်တစ်မျိုးဖြစ်သည်။

အိုင်အိုဒင်းချို့တဲ့မှုကြောင့် ကမ္ဘာပေါ်ရှိ ငါးနှစ်အောက်ကလေးငယ်များတွင် ဦးနှောက်ချို့တဲ့မှု ရောဂါလက္ခဏာများနှင့် ကြုံတွေ့နေရသည်။ ဉာဏ်ရည်နိမ့်ကျသော၊ ဦးနှောက်ကျပ်မပြည့်သည့် ကလေးသူငယ်များကို တွေ့ဖူးကြမည်ဖြစ်သည်။ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက သားပျက်၊ သားလျှော အခြေအနေများနှင့်ကြုံတွေ့နိုင်သည်။ မိခင်လောင်းများသည် ကလေးပဋိသန္ဓေရှိချိန်မှစ၍ အိုင်အိုဒင်းဆားကို သင့်တင့်မျှတစွာ စားသုံးရန်လိုအပ်သည်။ အိုင်အိုဒင်းဆားမှီဝဲခြင်းသည် မိခင်သာမက ရင်သွေးငယ်အတွက်ပါ အာဟာရဖွံ့ဖြိုးစေမည်ဖြစ်သည်။ သို့သော် ကျန်းမာရေးအသိပညာ အားနည်းသောကြောင့် အဆိုပါအချက်ကို မေ့လျော့နေကြပြီး မိခင်နှင့်ကလေးကျန်းမာရေးကို ထိခိုက်စေသည်။

အိုင်အိုဒင်းဆားသည် နေအိမ်များတွင်စားနေကျ အိမ်သုံးဆားနှင့်မတူဘဲ အိုင်အိုဒင်းဓာတ်ဖြည့်စွက်ထားသော ဆားတစ်မျိုးဖြစ်သည်။ သက်စောင့်ဓာတ်သို့မဟုတ် သတ္တုဓာတ်တစ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်အတွက် လိုအပ်သော အိုင်အိုဒင်း ၇၅ ရာခိုင်နှုန်းကို သိုင်းရွိုက်ဂလင်းတွင် သိုလှောင်ထားလေ့ရှိသဖြင့် သိုင်းရွိုက်ဂလင်းနှင့် သိုင်းရွိုက်ဆဲလ်များ ဖြစ်တည်မှုအတွက် လွန်စွာအသုံးဝင်သည်။ ကမ္ဘာပေါ်တွင် အိုင်အိုဒင်းချို့တဲ့သူပေါင်း သန်း ၂၀၀၀ ခန့်ရှိပြီး နေ့စဉ်အရွယ်ရောက်ပြီးသူအတွက် ၁၅၀ မိုက်ကရိုဂရမ်လိုပြီး ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များအတွက် နေ့စဉ် ၂၂၀ မှ ၂၉၀ မိုက်ကရိုဂရမ်လိုအပ်သည်။ ကလေးငယ်များ ပုံမှန်ကြီးထွားရေး၊ ဉာဏ်ရည်ထက်မြက်ရေးနှင့်အရွယ်ရောက်သူအားလုံး ကျန်းမာရေးအတွက် အိုင်အိုဒင်းဆားကို မျှတစွာစားသုံးသင့်သည်။

သို့ဖြစ်ရာ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာရေးအတွက် ယခုဩဂုတ်လတွင် ကျန်းမာရေးဝန်ကြီးဌာနက လှုပ်ရှားဆောင်ရွက်နေသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအတိုင်း ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ ငါးနှစ်အောက်ကလေးငယ်များနှင့် ကျောင်းသားလူငယ်များသာမက ပြည်သူအားလုံးကျန်းမာရေးအတွက် မှီဝဲသုံးစွဲရမည့်အာဟာရများကို အပြည့်အဝတိုက်ကျွေးစားသုံးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

## International Youth Day

“စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး
လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး”

“From Clicks To Progress: Youth Digital Pathways
For Sustainable Development”

၁၂ - ၈ -၂၀၂၄ ရက်နေ့ (တနင်္လာနေ့)

ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)

# တံတားဦးမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

တံတားဦး ဩဂုတ် ၂



မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲ ၂ နာရီက တံတားဦးမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံပြီး အားပေးစကားပြောကြားကာ စိုက်ပျိုးရေးဘာသာသင်ကြားပေးနေသော ဆရာ ဆရာမ ခုနစ်ဦးအတွက် တစ်ဦးလျှင် ဆန်လေးပြည်၊ ကြက်ဥအလုံး ၂၀ နှင့် ယံယံခြောက်ဆွဲခြောက်ထုပ် ငါးထုပ်စီကိုလည်းကောင်း၊ စိုက်ပျိုးရေးဘာသာ တက်ရောက်ပညာသင်ယူနေသော ကျောင်းသား ကျောင်းသူ ငါးဦးအတွက် တစ်ဦးလျှင် ဗလာစာအုပ်တစ်ဒါဇင်၊ ဘောလ်ပင်ခြောက်ချောင်းနှင့် ငွေကျပ် ၁၀၀၀၀ စီတို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးသည် တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဆီထွက်သီးနှံအထူးဇုန် တိုးတက်ရေးအတွက် တောင်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး တောင်သူများအား ဆီထွက်သီးနှံတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသော သီးနှံများရရှိရေး၊ မြေဆီကောင်းမွန်ရေးအတွက် သဘာဝမြေဩဇာကို ထည့်သွင်းအသုံးပြုရေး၊ တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဆီထွက်သီးနှံအထူးဇုန်တွင် ပါဝင်သော တောင်သူများအား သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့ဧက ၃၀ စာနှင့် နေကြာမျိုးစေ့ဧက ၁၀၀ စာတို့ကို တောင်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ ရဲတင့်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂ - ၈ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၃၈၀ | ၃,၃၈၂,၀၀၀ |
| MTSH | ၃,၅၅၀ | ၃,၆၀၀ | ၁၂,၉၀၉ | ၄၆,၄၁၂,၄၅၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၁၅၀ | ၁,၂၄၅,၀၀၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၅၈၄ | ၁,၀၂၂,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁၀၀ | ၂၇၅,၀၀၀ |
| EFR | ၁,၈၀၀ | ၁,၈၀၀ | ၅၉၈ | ၁,၀၇၂,၉၀၀ |
| AMATA | ၄,၆၀၀ | ၄,၇၀၀ | ၈၃၄ | ၃,၈၃၆,၇၀၀ |
| MAEX | ၃,၅၀၀ | ၃,၅၀၀ | ၁၀ | ၃၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

နေပြည်တော် ဩဂုတ် ၂

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။



ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ တိုင်းမှူး ဗိုလ်ချုပ် စိုးမင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းကိုးဆယ်နှင့် ငွေကျပ်သုံးဆယ့် ငါးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းသုံးဆယ်နှင့် ငွေကျပ်သိန်းတစ်ရာခုနစ်သောင်းငါးထောင်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်တစ်ရာနှစ်ဆယ့်တစ်သိန်း နှစ်သောင်းငါးထောင်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာကို လည်းကောင်း ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။ **(အပေါ်ပုံ)**

အလားတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ပေးပို့လှူဒါန်းသည့် ငွေကျပ်ငါးရာတစ်ဆယ့်လေးသိန်း တစ်သောင်းခြောက်ရာ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါစားသောက်ဖွယ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပေးပို့လှူဒါန်းနိုင်ရန် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများကိုယ်တိုင် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုကို တွေ့ရစဉ်။




စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို တိုင်းမှူးထံ ပေးအပ်လှူဒါန်းစဉ်။

---

**✪ MAI မှ**

မြို့ပေါင်း ၃၆ မြို့သို့ Airbus A320 ခြောက်စင်း၊ Embraer E 190 နှစ်စင်း၊ ATR 72–600 လေးစင်းနှင့် Boeing 737 freighter တစ်စင်းတို့ဖြင့် တိုက်ရိုက်ခရီးစဉ်များကို ပြေးဆွဲလျက်ရှိပြီး MAI လေကြောင်းလိုင်း၏ မဟာဗျူဟာမြောက် ခရီးစဉ်တိုးချဲ့မှုအစီအစဉ်တွင် ယခုနှစ်ကုန်ပိုင်း၌ ကာတာနိုင်ငံ ဒိုဟာမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့အပါအဝင် ပြည်တွင်း၊ ပြည်ပခရီးစဉ် ၄၁ ခုအထိ ပြေးဆွဲသွားရန် စီစဉ်ထားသည်။

**ဩဂုတ်လတစ်လလုံး ရောင်းချပေးသွားမည်**

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်းသည် ဩဂုတ် ၁၅ ရက်တွင် ကျရောက်မည့် (၃၁)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြေးဆွဲနေသော ပြည်တွင်း၊ ပြည်ပခရီးစဉ်များတွင် ၃၁ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် လက်မှတ်များကို ဩဂုတ်လတစ်လလုံး ရောင်းချပေးသွားမည်ဖြစ်ပြီး ပရိုမိုးရှင်းအစီအစဉ်၏ ခရီးသွားကာလမှာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ လက်မှတ်များကို MAI ၏ direct sales channels များအပြင် လက်မှတ်အရောင်းကိုယ်စားလှယ်များထံတွင်လည်း ဝယ်ယူနိုင်ကြောင်း၊ MAI ၏ website www.maiair.com နှင့် MAI Xtra application တွင် MAI–uab Visa Card ဖြင့် ငွေပေးချေဝယ်ယူမည့် ခရီးသွားများအတွက် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တို့တွင် MAIUABI promo code ဖြင့် ပြည်ပခရီးသွားများအတွက် ငါးရာခိုင်နှုန်းလျှော့ဈေးနှင့် MAIUABI promo code ဖြင့် ပြည်တွင်းခရီးစဉ်များအတွက် ၁၀ ရာခိုင်နှုန်း လျှော့ဈေးရရှိမည့် Weekend Exclusive အစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

**ဝန်ဆောင်မှုပေးထား**

MAI ရန်ကုန်ရုံးချုပ်ရှိ လက်မှတ်အရောင်းကောင်တာတွင် ကိုယ်တိုင်ဝယ်ယူကြမည့် ခရီးသွားများအတွက် ဗန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ ကိုးလ်ကတ္တားနှင့် ချင်းမိုင်သို့ သွားရောက်နိုင်မည့် အခမဲ့လေကြောင်းခရီးစဉ်လက်မှတ်များအပြင် အခြားသောဆုမဲပေါင်းများစွာရရှိနိုင်မည့် lucky draw အစီအစဉ်တွင်လည်း ပါဝင်ကံစမ်းနိုင်ရန် ဝန်ဆောင်မှုပေးထားကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – MAI**

# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စေတနာဖြင့် စုပေါင်းလျက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ယနေ့နံနက်ပိုင်းက ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမတွင် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းမိသားစုများကိုယ်တိုင် စိတ်အားထက်သန်စွာဖြင့် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦးတို့က လိုက်လံကြည့်ရှု အားပေးကြသည်။ (ယာပုံ)

**လှူဒါန်းပေး**

ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၉၀ နှင့် တပ်မတော်သား တစ်ဦးလျှင် ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်၊ မုန့်၊ လက်ဖက်ထုပ် အသေး၊ ငါးပိထုပ်၊ လက်ဖက်အကြော်စုံ၊ ပေါက်ရှူရှူဆေးဘူး၊ ငါးသေတ္တာတို့ ပါရှိသော အစားအသောက် ဆေးဝါး ပစ္စည်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၅ သိန်းဖိုးကို တပ်မတော်သား အယောက် ၂၀၀ အတွက် မေတ္တာဖြင့် လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက အားဖြည့်ဗီတာမင်ဆေးဝါးများ၊ အာဟာရဖြည့်ဓာတ်ဆားထုပ်များ၊ တိုင်းရင်းဆေးဝါးများနှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂**

နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဦးလည်မသုန် အစဉ်ကာကွယ်နေသော၊ တရားသောစစ်ကို ဆင်နွှဲနေသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းကာ စိတ်အားထက်သန်စွာဖြင့် ချက်ပြုတ်ကြော်လှော်ထားသော စားသောက်ဖွယ်ရာများအား ထောက်ပံ့လှူဒါန်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများအား စနစ်တကျထုပ်ပိုးနေမှု၊ လှူဒါန်းပေးပို့နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။



ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အားဖြည့်ဗီတာမင်ဆေးဝါးများ၊ အာဟာရဖြည့်ဓာတ်ဆားထုပ်များ၊ အကိုက်အခဲပျောက်ဆေးများ၊ တိုင်းရင်းဆေးဝါး (လိမ်းဆေး၊ သောက်ဆေးများ)၊ ငါးခြောက်ကြော်၊ ပုန်းရည်ကြီး၊ လက်ဖက်နှပ်၊ ဘီစကွတ်များ၊ ခေါက်ဆွဲခြောက်များအား ထောက်ပံ့လှူဒါန်းနိုင်ရေး ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး "ဒို့တာဝန်အရေးသုံးပါးအတွက် တရားသောစစ်ကို ရဲဝံ့စွန့်စားစွာ လေ့ခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်ဖြင့် အသက်နှင့်ခန္ဓာကို မငဲ့ကွက်ဘဲ စွမ်းစွမ်းတမံ တိုက်ပွဲဝင်လျက်ရှိကြသော ဇာနည်မောင်ဘွား မျိုးချစ်တပ်မတော်သားများ ဘေးရန်ကင်းကွာပါစေကြောင်း၊ တိုက်ပွဲဟူသမျှ အောင်မြင်ပါစေကြောင်း၊ တရားသောစစ်အောင်မြင်ပါစေကြောင်း၊ ပြည်ချစ်တပ်မတော်သားများအားလုံး အောင်ပွဲများအလီလီ ရရှိပါစေကြောင်း၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲပါစေကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ပေးသည့်အတွက် အထူးပင် လေးစားတန်ဖိုးထားပါကြောင်း" အစရှိသည့် ကျန်းမာရေးဝန်ထမ်းမိသားစုများ၏ ဆုတောင်းမေတ္တာပို့သစာများကိုလည်း ထည့်သွင်းပေးပို့ခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စုပေါင်း၍ အားဖြည့်ဗီတာမင်ဆေးဝါးများ၊ အာဟာရဖြည့်ဓာတ်ဆားထုပ်များ၊ တိုင်းရင်းဆေးဝါးများနှင့် စားသောက်ဖွယ်ရာများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၂၆ သိန်းဖိုးခန့် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများလှူဒါန်း

**တောင်ကြီး ဩဂုတ် ၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ထမ်းမိသားစုများက စေတနာ၊ မေတ္တာအပြည့်ဖြင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ ဝန်ထမ်းများ၊ ပြည်နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများက စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူတို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ခေါက်ဆွဲခြောက် ၅၀၀၀၊ ငါးသေတ္တာ ၃၀၀၀၊ ကော်ဖီမစ်၅၀၀၀၊ သီးစုံဓာတ်ဆားထုပ်၅၀၀၀၊ ပဲပုပ်ကြော်၂၀၀၀၊ ငါးလေးကြော် ၂၀၀၀၊ ဆေးလိပ်အထုပ် ၁၀၀၀၊ လက်ဖက်ထုပ် ၅၀၀၀၊ ချိုချဉ်အထုပ် ၁၀၀၀၊ ချောင်းဆိုးပျောက်ဆေး ၃၀၀၀၊ မဟာဖြေဆေး ၃၀၀၀၊ ငါးပိထောင်း ၅၀၀၀ နှင့် ၁၂ မျိုးပါအထုပ် ၁၀၀၀ တို့ကို ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစားသောက်ဖွယ်ရာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက်ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွန့်လွှတ်စွန့်စားစွာဖြင့် စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးပို့လှူဒါန်း

နေပြည်တော် သြဂုတ် ၂

စက်မှုဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများက နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွန့်လွှတ်စွန့်စားစွာဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည့် ရှေ့တန်းရောက်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာနှင့် မွန်မြတ်သည့်စိတ်ထားများအရင်းခံ၍ ငါးပိကြော်၊ ငံပြာရည်ကြော်၊ ဘာလချောင်ကြော်ခြင်း၊ အသင့်စားခေါက်ဆွဲခြောက်၊ ငါးသေတ္တာဘူး၊ ဘီစကွတ်၊ ငါးပိထောင်းဘူး၊ ကော်ဖီမစ်ထုပ်၊ ခေါက်ဆွဲ ဆေးဝါးထုပ်ပိုးခြင်းလုပ်ငန်းများ တက်ကြွစွာ ဆောင်ရွက်နေမှုတို့ကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့် တာဝန်ရှိသူများက လှည့်လည်အားပေးကြည့်ရှုသည်။(ယာပုံ)



စက်မှုဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်း၊ မိသားစုဝင်များအနေဖြင့် နိုင်ငံတော်လုံခြုံရေးတာဝန်များနှင့် ကာကွယ်ရေးတာဝန်များ၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်နေသည့် လုံခြုံရေးအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ၊ ဆေးဝါးများနှင့် အလှူငွေများကို နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်လှူဒါန်းမည်ဖြစ်သည်။

ထို့ပြင် ဝန်ထမ်းများက နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် "နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေရင်း မိမိကျန်းမာရေးကိုလည်း ဂရုစိုက်ပါ၊ မိမိကိုယ်ကိုလည်း ကာကွယ်ထိန်းသိမ်းပါ၊ အမောင်စစ်သည်တို့၏ ဆောင်ရွက်ချက်များကို အားပေးဂုဏ်ယူရင်း ထောက်ခံနေမည်ဖြစ်ကြောင်း၊" "ရှေ့တန်းရောက်တပ်မတော်သားများ တိုက်ပွဲတစ်ရာ အောင်ပွဲတစ်ရာရရှိမည်ဟု ယုံကြည်ကြောင်း၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်၍ တရားသောစစ် မုချအောင်ရမည်၊" "အမောင်စစ်သည်တို့ အောင်ပွဲနှင့်အတူ ပြန်လာချိန်တွင် သပြေပန်းနှင့်ကြိုဆိုရန် အသင့်စောင့်နေပါမည်၊" "အမောင်စစ်သည်တို့နှင့်အတူ တစ်သွေးတည်း တစ်သားတည်း အတူရပ်တည်နေသည်ကို ခြွင်းချက်မရှိယုံကြည်၍ ပေးအပ်သည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြပါစေကြောင်း"ဟူသော အားပေးသတင်းအမှာစကားများကိုလည်း ပေးပို့ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့၌ တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ပွဲ ကျင်းပ



ရန်ကုန် သြဂုတ် ၂

တရားသောစစ် အောင်မြင်စေရေးနှင့် ကိုယ်ကျိုးစွန့်ကာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးနေသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များတက်ရောက်ကြသည်။

ထို့နောက် အခမ်းအနားတွင် တိုင်းဒေသကြီး ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏လှူဒါန်းမှုများ၊ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ၏ လှူဒါန်းမှုများ၊ အလှူရှင်ပြည်သူများ၏ လှူဒါန်းမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ လှူဒါန်းရရှိသည့် အလှူငွေစုစုပေါင်းမှာ ကျပ် ၅၆၂၈၀၀၀၀၀ နှင့် ပစ္စည်းတန်ဖိုးမှာ ကျပ် ၁၂၅၆၄၈၀၀ စုစုပေါင်းတန်ဖိုးမှာ ကျပ် ၅၇၅၄၄၈၀၀ ရရှိသည်။ အဆိုပါအလှူငွေများနှင့် စားသောက်ဖွယ်ရာများကို တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ထုပ်ပိုးဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လိုက်လံကြည့်ရှုအားပေးကြသည်။

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများနှင့် ဝန်ကြီးဌာနအလိုက် ဝန်ထမ်းမိသားစုများက အလှူငွေနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိကြောင်းနှင့် ဝန်ကြီးဌာနအလိုက် အရာထမ်း၊ အမှုထမ်းများက တပ်မတော်သားအားလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကြောင့် ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းပါစေ၊ တရားသောစစ် အောင်မြင်ပါစေ အစရှိသည့် ဆုတောင်းမေတ္တာ စာလွှာများကို ထည့်သွင်းပေးပို့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က စားသောက်ဖွယ်ရာများလှူဒါန်း

ပုသိမ် သြဂုတ် ၂

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် ရှေ့တန်း



ရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ယနေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ အဆိုပါစားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ထိုသို့ နိုင်ငံတော်လုံခြုံရေး၊ နယ်မြေကာကွယ်ရေးအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ခေါက်ဆွဲခြောက်ထုပ် ၁၅၀၀၀၊ ကော်ဖီမစ်ထုပ် ၃၀၀၀၀၊ ငါးသေတ္တာဘူး ၆၀၀၀၊ ဆေးပေါ့လိပ်ထုပ် ၃၀၀၀ နှင့် ဘီစကွတ်ထုပ် ၁၅၀၀၀ စသည့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းသွားမည်ဖြစ်သည့်အပြင် "ရှေ့တန်းရောက်တပ်မတော်သားများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိပြီး အနန္တောအနန္တငါးပါးတို့၏ဂုဏ်ကျေးဇူးတို့ကြောင့်ဘေးအန္တရာယ်ကင်းရှင်းကြပါစေ၊ အစစအရာရာ အဆင်ပြေချောမွေ့ကြပါစေ၊ တရားသောစစ် အောင်မြင်ပါစေ" အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကိုပါ ထည့်သွင်းပေးပို့ကြကြောင်း သိရသည်။

အဆိုပါ စားသောက်ဖွယ်ရာများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အမိမြေသာယာဖို့... ငါတို့မြေကို ငါတို့ကာကွယ်စို့ ...

**တိုင်းရင်းသားပြည်သူတစ်ဦး**

"အမိမြေသာယာဖို့... ငါတို့မြေကို ငါတို့ကာကွယ်စို့ ..."

မှန်တယ်။ ဒီစကားက ရင်ကို ထိတယ်၊ အားရတယ်။ လောက်တွေရဲ့ ဆိုက်ဝါးအောက်မှာ ခံနေရတဲ့ ကျွန်တော်တို့တွေ ခံခဲ့ရတာများလှပြီ။ တစ်နိုင်ငံလုံး စစ်မျက်နှာပေါင်းစုံဖွင့်နေရတဲ့ အမိတပ်မတော်ကြီး အမှန်ပြောရရင် အားမလိုအားမရ ဖြစ်နေမိတာ။ ရန်သူကို ရန်သူလို ကျင့်ဖို့၊ ရန်ငါပြတ်ဖို့ ယခုမှ ကြားချင်တဲ့စကား ကြားခဲ့ရပြီ။ ဘယ်တုန်းကနဲ့မှ မတူတဲ့ခေတ်ကြီး၊ တိုင်းပြည်နဲ့ပြည်သူ့ဘဝကို ဖျက်ဆီးနေကြတာ ရစရာမရှိ။ အမှန်ပင် စက်ဆုပ်ရွံရှာဖို့ကောင်းလှတယ်။ ရုရှား-ယူကရိန်း ၊ အစ္စရေး-ဂါဇာစစ်ကလွဲလို့ ကမ္ဘာမှာမရှိဖူး၊ မကြားဖူးသေးတဲ့ အမြဲတမ်းအချိန်ပြည့်စစ်တိုက်နေရတဲ့ တပ်မတော်ကြီး ရှိနေပေလို့သာ..။

## ရောင်စုံသူပုန်ထ ရက်စက်လွန်းကြတယ်

နိုင်ငံရဲ့မြောက်ဘက်မှာ KIA၊ အနောက်မြောက်မှာ CDF၊ CNF၊ အနောက်ဘက်မှာ AA၊ အရှေ့မှာ KNDF၊ KPDF၊ အရှေ့တောင်မှာ KNU၊ KNLA၊ KTA၊ အရှေ့မြောက်မှာ MNDAA ကိုးကန့်၊ TNLA၊ AA၊ PDF ရောင်စုံအဖျက်သမား အမျိုးပေါင်းများစွာနဲ့ တစ်နိုင်ငံလုံးပတ်ချာလည် စစ်မီးတောက်တဲ့ အခြေအနေပါ။ လက်ရှိမှာတော့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေမှာ လူအင်အား၊ လက်နက်၊ နည်းပညာ အင်အားအသာနဲ့ ရန်သူဟာ အုံနဲ့ကျင်းနဲ့ အဆိုးဆုံးအခြေအနေမှာ ရှိနေတယ်။ နိုင်ငံကို အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲထွက်သွားအောင်ကို လုပ်နေကြတာ။ ကိုယ့်တိုင်းရင်းသား၊ ကိုယ့်လူမျိုးစုကို ကိုယ်စားမပြုနိုင်အား၊ မျိုးမမှန်တဲ့ အလွန်ရိုင်းစိုင်း ယုတ်မာကြမ်းကြုတ်လှတဲ့ တိရစ္ဆာန်သာသာတွေပါပဲ။

ဘယ်လောက်ရက်စက်သလဲဆို မြို့ပြအရပ်သား ပြည်သူတွေထဲ ရွေးပြီးမှ တိုက်ကွက်ဖော်တတ်တယ်။ ပြည်သူကို ညှာတာသနားတတ်တဲ့ တပ်မတော်ကို အခွင့်ကောင်းယူ၊ လူတံတိုင်းကာ၊ ဓားစာခံလုပ် ညစ်ပတ်ကြတယ်။ အယူဝါဒမတူရင် အစုလိုက် အပြုံလိုက် ရက်ရက်စက်စက်သတ်ဖြတ်ပြတယ်။ ပညာရဲ့တန်ဖိုးနားမလည်၊ တက္ကသိုလ်တွေကို ဗုံးခွဲ ဖျက်ဆီးပြ၊ ပညာမဲ့နိုင်ငံဖြစ်ကြောင်း တံဆိပ်ခတ်ကြတယ်။ ပြည်သူ့နေအိမ်တွေကို မီးရှို့ဖျက်ဆီးပြီး တပ်ကပဲ လုပ်သယောင် သူခိုးကလူဟစ်ပြတယ်။ မြို့တွေ၊ ရွာတွေ၊ အိမ်တွေထဲဝင် သူခိုးဓားပြဆန်ဆန် ရှိသမျှပစ္စည်းခိုး၊ ဓားပြတိုက်လုယက်ကြတာချည်းပဲ။ စေတီ၊ ပုထိုးတွေကို ရိုက်ခွဲဖျက်ဆီးပြီး မြန်မာတို့ရဲ့ ဘာသာသာသနာ ယဉ်ကျေးမှုအမွေအနှစ်တွေကို ဖျောက်ဖျက်ပစ်ဖို့ ကြိုးစားကြတယ်။ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းနဲ့ ဘယ်လိုမှမထိုက်တန်တဲ့ ကမ္ဘာမှာ အောက်တန်းအကျဆုံး လောက်ကောင်သစ္စာဖောက်တွေပါပဲ။ ဒါကြောင့် လူဆိုးရော လူမိုက်အားပေး မှန်သမျှပါ အစွမ်းကုန် ချေမှုန်းသုတ်သင်သင့်ပါပြီ....။

## လူ့အန္တအသိမဲ့မိစ္ဆာတွေသာ ဖြစ်တယ်

လုပ်သင့်တာလုပ်ဖို့ အချိန်အခါသင့်ပါပြီ။ သည်းခံခြင်းဖြင့် အနိုင်ယူရမယ့်သူတွေထဲမှာ မပါတဲ့သူတွေမို့ အင်အားနဲ့သာ အနိုင်ယူသင့်ကြောင်း ပြည်သူတွေက ထောက်ပြနေပါပြီ။ အမှားနဲ့အမှန်၊ အပြုနဲ့အဖျက် ပြည်သူကနားလည်ပြီးသားပါ။ တပ်မတော်ရဲ့ရှေးရှုချက်က ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးပါ။ အသုံးပြုတာက အနည်းဆုံးအင်အားနဲ့ အနိမ့်ဆုံးအဆင့်။ ကြမ်းလို့ရပေမယ့် မကြမ်းခဲ့ဘူး။ ပြည်တွင်း၊ ပြည်ပ ဖိအားမျိုးစုံအောက်မှာ ပြည်သူ့မျက်နှာကိုပဲကြည့်ခဲ့

> **"လုပ်သင့်တာလုပ်ဖို့ အချိန်အခါသင့်ပါပြီ။ သည်းခံခြင်းဖြင့် အနိုင်ယူရမယ့်သူတွေထဲမှာ မပါတဲ့သူတွေမို့ အင်အားနဲ့သာ အနိုင်ယူသင့်ကြောင်း ပြည်သူတွေက ထောက်ပြနေပါပြီ။ အမှားနဲ့အမှန်၊ အပြုနဲ့အဖျက် ပြည်သူကနားလည်ပြီးသားပါ။ တပ်မတော်ရဲ့ရှေးရှုချက်က ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးပါ။ အသုံးပြုတာက အနည်းဆုံးအင်အားနဲ့ အနိမ့်ဆုံးအဆင့်။ ကြမ်းလို့ရပေမယ့် မကြမ်းခဲ့ဘူး။ ပြည်တွင်း၊ ပြည်ပ ဖိအားမျိုးစုံအောက်မှာ ပြည်သူ့မျက်နှာကိုပဲကြည့်ခဲ့တယ်။ ပြည်သူကို မိဘလိုသဘောထား၊ တိုင်းရင်းသားကို မိသားစုလိုသံယောဇဉ်ငြိ၊ ညီအစ်ကိုချင်း ရန်ဖြစ်သလိုပဲမှတ်၊ အချိန်ယူ စိတ်ရှည်သည်းခံခဲ့တယ်။ လက်တွဲခေါ်မယ်ချည်း အကြိမ်ကြိမ် ငြိမ်းချမ်းရေးလက် အမြဲကမ်းလင့်တယ်။ တိုက်စစ်မဖွင့်၊ ခံစစ်နဲ့သာ အချိန်ယူခဲ့တာက သက်သေဖြစ်"**

တယ်။ ပြည်သူကို မိဘလိုသဘောထား၊ တိုင်းရင်းသားကို မိသားစုလို သံယောဇဉ်ငြိ၊ ညီအစ်ကိုချင်း ရန်ဖြစ်သလိုပဲမှတ်၊ အချိန်ယူ စိတ်ရှည်သည်းခံခဲ့တယ်။ လက်တွဲခေါ်မယ်ချည်းအကြိမ်ကြိမ် ငြိမ်းချမ်းရေးလက် အမြဲကမ်းလင့်တယ်။ တိုက်စစ်မဖွင့်၊ ခံစစ်နဲ့သာ အချိန်ယူခဲ့တာက သက်သေဖြစ်တယ်။

ကိုယ်ကိုယ်တိုင်လည်း ကိုယ့်ဒေသ ကိုယ့်လူမျိုး ဖွံ့ဖြိုးအောင် နည်းနည်းမှမလုပ်နိုင်။ အဝေးကြီးက အရောက်လာ၊ တိုင်းရင်းသားတွေအတွက် တာဝန်ထမ်းတဲ့ ဝန်ထမ်းတွေ၊ လေ့ကျင့်ရေးအတွက် အချိန်မပေးနိုင်၊ ပြည်သူ့လူမှုစီးပွားဘဝ ကျန်းမာရေး၊ သဘာဝဘေးမှအစ ကယ်တင်စောင့်ရှောက်ပေးခဲ့တဲ့ တပ်မတော်သားတွေရဲ့ သစ္စာကိုမှမထောက် သတ်ပစ်ရက်တယ်၊ မောင်းထုတ်ရဲကြတယ်၊ သူတို့မို့ လုပ်ရက်တယ်။ သတ်တာမှ လူသားမဆန် လည်လှီးသတ်၊ ခေါင်းကိုတုတ်နဲ့ရိုက်သတ်တဲ့အထိပါပဲ။ အဲဒီလောက်ထိ မိုက်လုံးထွား၊ ကျေးဇူးမသိတတ်တဲ့ လူ့အန္တအသိမဲ့သူတွေပါ။ သူတို့နယ်မြေတွေက တိုင်းရင်းသားတွေရဲ့ ပညာရေး၊ ကျန်းမာရေး စိတ်မဝင်စား။ ဘိန်း၊ မူးယစ်ဆေး၊ မှောင်ခို၊ဆက်ကြေး ကောက်ကလွဲပြီး အခြားသမ္မာအာဇီဝ ဘာမှမလုပ်တတ်တဲ့ လူ့မိစ္ဆာတွေပါ။ လူမိုက်နဲ့ငြိမ်းချမ်းရေး လားလားမှမအပ်စပ်၊ အမျိုးသားရင်ကြားစေ့ရေး ဆိုတဲ့စကားနဲ့ ဘယ်လိုမှမထိုက်တန်၊ မသင့်သူတွေပါ။ ထိုသူတို့ကြောင့် အပြစ်မဲ့ အသက်စတေးခဲ့ရသူ အားလုံးဟာ နိုင်ငံတစ်နံတစ်လျား သန်းပေါင်း ၅၀ ကျော်သော ပြည်သူတွေရဲ့ ငြိမ်းချမ်းရေးအတွက် အနစ်နာခံခဲ့ကြသူတွေပေပဲ။

## မကွဲ ကွဲအောင် ခွဲနေပြီမို့ မြန်မာတွေ ညီညွတ်ချိန်တန်ပြီ

ဒါကြောင့် ကျွန်တော်တို့မြေ၊ ကျွန်တော်တို့ အချုပ်အခြာ၊ ကျွန်တော်တို့ကိုယ်တိုင် ကာကွယ်ဖို့ အချိန်တန်ပါပြီ။ ဘာကြောင့်ဆို... ဒီမြေ၊ ဒီရေ၊ ဒီလေဟာ ကျွန်တော်တို့အပိုင်ဖြစ်လို့ပါ၊ ထိန်းသိမ်းစောင့်ရှောက်ရမယ့်တာဝန်ရှိပါတယ်။ လိုအပ်ရင် အသက်ပေးကာကွယ်ရမှာပါ။ ဒီတိုင်းပြည်ဟာ မိဘဘိုးဘွားပိုင်လည်းဖြစ်တယ်။ ကျွန်တော်တို့ရဲ့ ဘိုးတွေဘွားတွေ သွေးချွေးအသက်ပေးရယူခဲ့ကြတဲ့ ဒီပထဝီထုကြီးကို ကျွန်တော်တို့လက်ထက် မကာကွယ်နိုင်ရင်၊ တာဝန်မကျေရင် လူမိုက်တွေသာ ဖြစ်ရတော့မှာပေါ့။ သူတို့ကြောင့် ဒီနိုင်ငံတော်ကြီးရဲ့ လွတ်လပ်တဲ့နိုင်ငံသားဖြစ်ခွင့်ရနေတာ။ ငါတို့ အချုပ်အခြာ ပိုင်နက်နယ်မြေ ဆုံးရှုံးမယ်ရှိလေတိုင်း ပြန်ထိန်း၊ ပြန်တိုက်နိုင်ခဲ့တာသည် တပ်မတော်နဲ့ ပြည်သူ မြဲကြည်ဖြူခဲ့လို့ပဲ။

တပ်မတော်နဲ့ပြည်သူ ခိုင်ခိုင်မြဲမြဲလက်တွဲနိုင်ခဲ့သမျှ ဘယ်တိုက်ပွဲမှာမှ အရှုံးမရှိ အောင်ပွဲအလီလီ ရခဲ့တာ ပြန်လည်သတိရအောက်မေ့ကြည့်လိုက်ပါ။ ပြည်သူဆိုတဲ့နေရာမှာ တိုင်းရင်းသားတွေပါတယ်၊ ကျောင်းသားတွေပါတယ်၊ လူငယ်တွေပါတယ် အားလုံးဟာ ခေတ်အဆက်ဆက် ပါခဲ့ကြသည်ချည်းပါ။ ဒီဘက်ခေတ်မှာတော့ တပ်မတော်နဲ့ ပြည်သူ၊ တပ်မတော်နဲ့ ကျောင်းသား၊ တပ်မတော်နဲ့သံဃာကို ကွဲသွားအောင်ကို ခွဲထုတ်နေကြပါပြီ။ အားနည်းချက်ကို အခွင့်ကောင်းယူပြီး ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုပါ ရောထွေးယှက်တင် ဖျက်ဆီးလာကြပြီ။ ဗမာလူငယ်တွေကိုအသုံးချပြီး မြန်မာ – မြန်မာချင်း၊ အိမ်ကြက်ချင်းအိုးမဲသုတ်ခိုင်း။ နောက်ဆုံးမှာ မြန်မာလူမျိုး ဗမာဆိုတဲ့အရင်းအမြစ်တွေ အားနည်းအောင်လုပ်လာတဲ့သဘောပဲ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပြိုကွဲအောင် လုပ်ရာမှာ ဆိုးညစ်လှတဲ့ နိုင်ငံရေးသမားတွေလည်းပါသလို နယ်ချဲ့အလိုတော်ရိ သစ္စာဖောက်လောက်ကောင် လက်နက်ကိုင်တွေလည်းပါနေတယ်။ ဒါကြောင့် တို့တိုင်းရင်းသားအားလုံးစုစည်းကြဖို့၊ ညီညွတ်ကြဖို့၊ လက်တွဲမဖြုတ်ကြဖို့ အရေးကြီးပါတယ်။ နွားကွဲရင် ကျားဆွဲပါလိမ့်မယ်။ အခုအချိန်မှာတော့ တစ်ချောင်းချင်းရှိနေတဲ့ ထင်းစည်းတွေခများ အချိုးခံနေရပြီပေါ့။

> **"တစ်ဖက်မှာတော့ ဌာနေပြည်သူတွေရဲ့ နာကျည်းတဲ့အသံတွေ၊ ပြင်းထန်တဲ့ခံစားချက်တွေနဲ့အတူ ဒီလိုလူ့မိစ္ဆာတွေကို အမြစ်ဖြတ်ပေးဖို့ တောင်းဆိုသံတွေဟာ ယခုနောက်ပိုင်း ဆိုရှယ်မီဒီယာတွေမှာ သောသောညံအောင် ရင်ဖွင့်မှုတွေ များလာတာလည်း အကဲခတ်မိပါရဲ့။ သူပုန်သိမ်းပြီးတဲ့ ဘယ်မြို့ဘယ်ရွာ ဘယ်သူပုန်လက်အောက်မှာမှ ပြည်သူတွေ မနေလိုကြပါဘူး။ လက်တွေ့မှာ စစ်ရှောင်မှန်သမျှ တပ်မတော်ရှိတဲ့နေရာမှာပဲ ခိုလှုံကြပါတယ်။ တပ်မတော်ထက် သူပုန်ကို သူတို့ပိုပြီးကြောက်ကြတယ်။ လုံခြုံတဲ့အရိပ်အာဝါသအောက်မှာပဲ နေချင်ကြတာ သဘာဝ၊ ကိုယ်တိုင်ထိ ကိုယ်တိုင်နာလာတဲ့အခါမှ တပ်မတော်ကို ပိုထောက်ခံလာကြတဲ့သဘောပါပဲ။ တချို့ဆန့်ကျင်ခဲ့သူတွေ ကိုယ်တိုင် အဆိုးမြင်ကနေ အပြုမြင် ဘက်ပြောင်းထောက်ခံလာကြတာ တွေ့ရတာလည်း အားရစရာဖြစ်"**

ဒီလိုမဖြစ်သွားအောင်အတွက် အခုအချိန်မှာ တပ်မတော်နဲ့တပ်မတော်သားတွေဟာ အသက်ခန္ဓာ စွန့်လွှတ်ပြီး ကျူးကျော်သစ္စာဖောက်တွေကို တွန်းလှန်ကာကွယ်တိုက်ထုတ်နေရခြင်းဖြစ်တယ်။ လိုအပ်နေတာက သတ္တိ၊ အရေးအကြောင်းဆို သတ္တိမြဲတဲ့ တပ်မတော်သား၊ သတ္တိရှိတဲ့ပြည်သူ့အားက အလွန်အရေးပါတယ်။ သတ္တိဆုံးရင် အလုံးစုံဆုံးရှုံးသွားနိုင်တဲ့အတွက် သတ္တိရှိရှိ ပညာ၊ သတိနဲ့ အားတင်းထားပါ။ တပ်မတော်နောက်မှာ စစ်မှန်တဲ့ပြည်သူတွေရှိပြီးသား အမြဲအားပေးလျက်ပါ။ တပ်မတော်နဲ့ မြန်မာ၊ မြန်မာနဲ့ ဒီတပ်မတော်ကြီး ကမ္ဘာတည်သရွေ့ တပ်မတော်ရှိနေပါမယ်၊ တပ်မတော်ရှိနေသရွေ့ မြန်မာလည်း မြဲနေမှာပဲလို့ ယုံကြည်ပြီးသားဖြစ်တယ်။

## ပြည်သူနဲ့တပ်မတော် အပြန်အလှန်အားကိုယူ

ကမ္ဘာ့ဘယ်နိုင်ငံနဲ့မှမတူ၊ တစ်နိုင်ငံလုံး စစ်မျက်နှာဖွင့်ထားရတဲ့ တပ်မတော်ကြီးရဲ့ စစ်ရေးအတွေ့အကြုံမျိုးက မြန်မာ့တပ်မတော်မှာပဲရှိပါတယ်။ အပေါ်အောက်၊ အရှေ့နဲ့အနောက်ညှပ်ပြီး ခံစစ်အနေအထားနဲ့ ခုခံစစ်ဆင်နေရတဲ့တပ်မတော်ကြီးအနေနဲ့ အလုံးစုံပေါင်းစပ် Hybrid warfare ကို ဆင်နွှဲနေရတဲ့ တပ်မတော်ကြီးရဲ့အဆင့်ဟာ ကမ္ဘာက နှစ်စဉ်ထုတ်ပြန်တဲ့ Global Defense Index မှာ အဆင့် ၃၈ ကနေ ၃၅ အထိ တက်လာတာလည်း ဆန်းတော့မဆန်းဘူး။ ဒါကြောင့်ပဲ မြန်မာပြည်ကြီးကို ငြိမ်းချမ်းစေချင်တဲ့ ပြည်သူရဲ့မျက်နှာကို ထောက်ထားပြီး ပြည်သူ့အားကိုအရယူ ရန်သူကို အမြစ်ပြတ်ချေမှုန်းပေးဖို့ မျှော်လင့်ပါတယ်။

ပြည်သူဘက်ကလည်း ဒီလိုပြည်သူ့တပ်မတော်မျိုး၊ ပြည်ထောင်စုတပ်မတော်မျိုးကိုသာ ရဲရဲယုံကြည်ပေးပါလို့ ဆိုပါရစေ။ ငြိမ်းချမ်းတဲ့ မြန်မာပြည်၊ တိုးတက်တဲ့မြန်မာပြည် ဒီလိုမိစ္ဆာသစ္စာဖောက်တွေကင်းစင်မှ ဖြစ်လာနိုင်မယ်ဆိုတဲ့ ခံစားချက်၊ အထူးသဖြင့် စစ်ဒဏ်သင့်ဒေသက ပြည်သူတွေက ပိုသိလာပါတယ်။ မြန်မာပြည်မှာ ဒီလိုအရေးတွေကြောင့် ပြည်ထောင်စုမပြိုကွဲရေး စတဲ့ ဒို့အရေးသုံးပါး ဘယ်လောက်အရေးကြီးကြောင်းကို ကာကွယ်ရေး၊ လုံခြုံရေးအမြင်ရှိတဲ့ပြည်သူတွေက ပိုနားလည်လာခြင်းဖြစ်တယ်။

ဗီဒီယိုအတိုတစ်ခုမှာ လောက်ကောင်မိစ္ဆာ အဖျက်သမားတွေ ရပ်ကွက်ထဲဝင်လာတော့ အိုးစည်ဗုံမောင်းတီး ဝမ်းသာအားရကြိုဆိုနေတဲ့မြင်ကွင်းတစ်ခုတွေ့လိုက်ရတယ်။ ဘယ်လိုအုပ်ချုပ်တတ်လို့၊ ဘာကိုအားကိုးပြီး ဘာကိုရမှာမို့လို့လဲ၊ ဘုန်းကြီးရှူးနဲ့ လှေလှူး

(စာမျက်နှာ ၇ သို့) ☆



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ပဲခူး-ရွှေလှေအကြား ရထားလမ်းတာပေါင် ရေတိုက်စားထားသော နေရာများအား ကျောက်ကြီးများချယူစီထည့်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်-ဟင်္သာတ-ကြံခင်းရထားလမ်းပိုင်း၊ ဂုံးမင်း-ဒါးက ရထားလမ်းပိုင်း ရေဖုံးလွှမ်းနေမှုအခြေအနေကို တွေ့ရစဉ်။

❒ ရှေ့ဖုံးမှ

ရထားခရီးစဉ်များကို ယာယီဖျက်သိမ်းထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ယခုကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသည့် သဘာဝဘေးအန္တရာယ်ကြောင့် ယာယီပိတ်ထားရသည့် ရေကျော်စီးဆင်းနေသော နေရာများတွင် ရေကင်းစောင့် ဝန်ထမ်းများ နေ့/ည မပြတ် တာဝန်ချထား၍ စောင့်ကြည့်ခြင်း၊ ရေကျသွားသည့် ပဲခူး-ဘုရားကြီးရထားလမ်းပိုင်းအတွင်း မြန်မာ့မီးရထား တာဝန်ရှိသူများနှင့် လုပ်သားများက ကျောက်ရထားနှင့် သံလမ်းပြေးယာဉ် RGC များအသုံးပြု၍ ကျောက်ကြီးများချခြင်း၊ ရထားလမ်းနှင့် တံတားများ၏ ကြံ့ခိုင်ရေးလုပ်ငန်းများကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁ ရက်အထိ နေ့စဉ်ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ ဩဂုတ် ၂ ရက် တိုင်းတာစစ်ဆေးချက်များအရ ပဲခူးဘူတာယာဒ်ဝင်းတွင် ရေများပြန်လည်ကျဆင်းသွားပြီး ယာဒ်ဝင်းအစုန်ဘက် တံတားအမှတ်(၆၀)အနီးတွင် သံလမ်းမျက်နှာပြင်



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် ရထားလမ်းနှင့်တံတားများ ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်ပြီး ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကုန်ရထားများ စတင်ပြေးဆွဲနေသည်ကို တွေ့ရစဉ်။

အောက် သုံးလက်မခန့်သို့ လည်းကောင်း၊ ပဲခူး-ဘုရားကြီးအကြား အဆန်လမ်းဘက်တွင် သံလမ်းမျက်နှာပြင်အောက် ၂ ပေ ၇ လက်မနှင့် အစုန်လမ်းဘက်တွင် ၄ ပေ ၂ လက်မအထိ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ရထားလမ်းပိုင်းတာပေါင်များအား စစ်ဆေးမှုအရ ရထားများ ဖြတ်သန်းစေလွှတ်နိုင်ပြီဖြစ်၍ ရန်ကုန်-မန္တလေး ရထားလမ်းအတွင်း ပဲခူး-ဘုရားကြီးအကြား လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင် ရထားလမ်းအတွင်း ပဲခူး-ကလိအကြားလမ်းပိုင်းများအတွင်း ကျောက်ရထား၊ ကုန်ရထားနှင့် သံလမ်းပြေးယာဉ် RGC များဖြင့် စမ်းသပ်ပြေးဆွဲခဲ့ပြီး ယနေ့နံနက် ၆ နာရီ ၅ မိနစ်တွင် လမ်းပိုင်းပြန်လည်ဖွင့်လှစ်၍ ကုန်ရထားများကို ယနေ့မှစ၍ စတင်ပြေးဆွဲခွင့်ပြုခဲ့သည်။

ထို့နောက် ရေနစ်မြုပ်ခဲ့သည့် ပဲခူးဘူတာယာဒ်ဝင်း တံတားအမှတ်(၆၀)နှင့် ရထားလမ်းပိုင်းများ၏ တံတားနှင့် လမ်းပိုင်းကြံ့ခိုင်မှုများ အသေးစိတ်ထပ်မံစစ်ဆေးခြင်း၊ လိုအပ်သည့်ကြံ့ခိုင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဩဂုတ် ၃ ရက်မှစတင်၍ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် အမှတ်(၁)အဆန်၊ အမှတ်(၂)အစုန် လူစီးစာပို့ရထား၊ အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန် လူစီးအမြန်ရထား၊ အဆန်အထူး၊ အစုန်အထူးအမြန်ရထားနှင့် ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းတွင် အမှတ်(၈၁)အဆန်၊ အမှတ်(၈၂)အစုန်စသည့် လူစီးအမြန်ရထားများကို ပုံမှန်အတိုင်းပြန်လည် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်-ဟင်္သာတ-ကြံခင်း ရထားလမ်းပိုင်းအတွင်း ရေများပြန်လည်ကျဆင်းသွားပါက ရထားလမ်းနှင့် တံတားများကြံ့ခိုင်မှုတို့ကို အသေးစိတ်စစ်ဆေးဆောင်ရွက်ပြီး ရထားများ အမြန်ဆုံး ပြန်လည်ပြေးဆွဲပေးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မိုင်းတုံမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်ပွဲ ကျင်းပ



မိုင်းတုံ ဩဂုတ် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်မိုးက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို မိုင်းတုံမြို့နယ်အတွင်းရှိ နောင်ယာဆိုင်(၂)ကျေးရွာ၊ အေးသာယာကျေးရွာ၊ ဝမ်နားကျေးရွာ၊ ဝမ်ပုံကျေးရွာ၊ ဖာချယ်ကျေးရွာနှင့် နောင်ပါရင်ရပ်ကွက် ကျေးရွာတို့မှ သင်တန်းသူ ၁၀ ဦး တက်ရောက်ကြပြီး ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးက စာတွေ့၊ လက်တွေ့ဖြင့် တစ်လကြာ (အခမဲ့) သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

၂၂၂

☆ စာမျက်နှာ ၆ မှ

မစင်မှာပျော်တတ်တဲ့ လောက်သာသာရယ်တွေပါ။ တစ်ဖက်မှာတော့ ဌာနေပြည်သူတွေရဲ့ နာကျည်းတဲ့ အသံတွေ၊ ပြင်းထန်တဲ့ခံစားချက်တွေနဲ့အတူ ဒီလိုလူ့မိစ္ဆာတွေကို အမြစ်ဖြတ်ပေးဖို့ တောင်းဆိုသံတွေဟာ ယခုနောက်ပိုင်း ဆိုရှယ်မီဒီယာတွေမှာ သောသောညံအောင် ရင်ဖွင့်မှုတွေများလာတာလည်း အကဲခတ်မိပါရဲ့။ သူပုန်သိမ်းပြီးတဲ့ ဘယ်မြို့ဘယ်ရွာ ဘယ်သူပုန်လက်အောက်မှာမှ ပြည်သူတွေ မနေလိုကြပါဘူး။ လက်တွေ့မှာ စစ်ရှောင်မှန်သမျှ တပ်မတော်ရှိတဲ့နေရာမှာပဲ ခိုလှုံကြပါတယ်။ တပ်မတော်ထက် သူပုန်ကို သူတို့ပိုပြီး ကြောက်ကြတယ်။ လုံခြုံတဲ့အရိပ်အာဝါသအောက်မှာပဲ နေချင်ကြတာ သဘာဝ၊ ကိုယ်တိုင်ထိ ကိုယ်တိုင်နာလာတဲ့ အခါမှ တပ်မတော်ကို ပိုထောက်ခံလာကြတဲ့သဘောပါပဲ။ တချို့ဆန့်ကျင်ခဲ့သူတွေကိုယ်တိုင် အဆိုးမြင်ကနေ အပြုမြင် ဘက်ပြောင်းထောက်ခံလာကြတာ တွေ့ရတာလည်း အားရစရာဖြစ်မိတယ်။

လက်ရှိမှာတော့ တိုင်းပြည်မှာ ဒဏ်ရာဒဏ်ချက်တွေကများ၊ ပြည်သူလည်း အထိနာနေပါပြီ။ ဒါကြောင့် ရန်သူကို ပြိုဆင်းသွားအောင်လုပ်ပေးပါ၊ မီးစာကုန်ရေခန်း နောက်ဆုံးတောက်နေတဲ့ ပြည်တွင်းမီး အပြီးငြိမ်းသတ်ပေးပါ။

အမှန်မှာ တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ ဒေသများဆိုတာက ယနေ့အချိန်အခါမှာ မရှိသင့်တော့ပါလို့တောင် မြင်မိတယ်။ ဒီလိုဒေသတွေဆိုတာ အမှန်တကယ် ပြည်ထောင်စုကြီးအပေါ် ရိုးသားဖြောင့်မတ်သစ္စာရှိတဲ့ တိုင်းရင်းသားတွေနဲ့သာ ထိုက်တန်ပါတယ်။ ဒါကြောင့် အခြေအနေအချိန်အခါနဲ့အညီ တပ်မတော်ရဲ့သမိုင်းတစ်ခေတ်ရေးထိုးပေးဖို့သာ တောင်းဆိုလိုခြင်းဖြစ်ပါတယ်။ သာမန်ပြည်သူတစ်ယောက်အနေနဲ့ တောင်းဆိုချင်တာက လက်ရှိစစ်ဖြစ်နယ်မြေတွေကို စစ်သွေးကြွတွေရဲ့ သင်္ချိုင်းဖြစ်အောင်လုပ်ပြီး ပြည်သူအတွက် မျှော်လင့်ချက်သတင်းများစွာ ယူဆောင်လာပေးပါလို့ ဆိုချင်တယ်။

စစ်မှန်တဲ့ပြည်သူတစ်ရပ်လုံးက ငါတို့တပ်မတော်ဟာ လောက်ကောင်တွေကို ကောင်းကောင်းချေမှုန်းနိုင်မယ်၊ အောင်ပွဲအလီလီရယူနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပြီး ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့လည်း ငါတို့နဲ့တစ်သားတည်းအမြဲရှိနေတယ်ဆိုတဲ့ ပြည်သူကို ယုံကြည်ပေးပါ၊ လိုအပ်တာ ဆောင်ရွက်ပေးပါ အပြန်အလှန်ပေါ့။ တစ်နေရာ ဒေသတစ်ခု အရေးက တစ်နိုင်ငံလုံးရဲ့အရေးလို့ ခံယူပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့် ရန်သူကို ဟန့်ရုံတားရုံနဲ့မပြီး ရေလိုမီးလိုကျင့်ပြီး သံသရာမရှည်အောင် အမြစ်က စဖြတ်ပေးပါလို့သာ မေတ္တာရပ်ခံတောင်းဆိုလိုက်ပါရစေ။ ။

# Instructional Video ရိုက်ကူးရေး ဆရာဖြစ်သင်တန်း ဖွင့်လှစ်

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ကို လက်ခံတွေ့ဆုံ




နေပြည်တော် ဩဂုတ် ၂

Instructional Video ရိုက်ကူးရေး ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိစိုက်ပျိုးရေးတက္ကသိုလ် သင်တန်းခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များ၊ Aller Aqua Group မှ တာဝန်ရှိသူများနှင့် Rain Media Company မှ သင်တန်းနည်းပြဆရာများ၊ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများ၊ တက္ကသိုလ်များအနေဖြင့် လယ်ယာသီးနှံသားငါးများကို စိုက်ပျိုးမွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံပိုလျှံရေးကို ရည်ရွယ်၍ တောင်သူများနှင့် လုပ်ငန်းရှင်များထံသို့ နည်းပညာများအသိပညာနှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ အဆိုပါ လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန်အတွက် Instructional Video များရိုက်ကူးပြီး တစ်နိုင်ငံလုံး လွှမ်းခြုံထားသည့် မိုဘိုင်းဖုန်းကွန်ရက်အသုံးပြု လူမှုမီဒီယာများမှတစ်ဆင့် ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

Social Media Platform မှ နည်းပညာဖြန့်ဝေရေး အတွက် Instructional Video များ ရိုက်ကူးပြသခြင်းသည် ရိုးရှင်းလွယ်ကူသောနည်းလမ်းဖြစ်ပြီး အချိန်တိုအတွင်း နည်းပညာပြန့်ပွားမှုအတွက် ထိရောက်မှုရှိခြင်း၊ ဘာသာစကား အခက်အခဲအတားအဆီးမရှိခြင်း၊ ရိုက်ကူးဖြန့်ဝေထားသော ဗီဒီယိုများကို မှတ်တမ်းအနေဖြင့်ထားရှိပြီး အကြိမ်ကြိမ်ပြန်လည်ကြည့်ရှုနိုင်ခြင်း စသည့် အားသာချက်များကြောင့်တောင်သူလယ်သမားများအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်၍ သင်တန်းသူ သင်တန်းသားများအနေဖြင့် ကြိုးစားလေ့လာသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက်မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာအချက်အလက်များကို တင်ပြသည်။

ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာ ကျင်းပမည့် Instructional Video ရိုက်ကူးရေး ဆရာဖြစ်သင်တန်းကို Aller Aqua Group က ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်များမှ သင်တန်းသားသင်တန်းသူ ၅၄ ဦးတို့တက်ရောက်လေ့လာလျက်ရှိကြောင်း၊ သင်တန်းတက်ရောက်ပြီးနောက် ဗီဒီယိုစုစုပေါင်း ၁၅၇ ခုကို သက်ဆိုင်ရာဌာနများက ဦးစားပေးအစီအစဉ်အလိုက် စီစဉ်ရိုက်ကူးဖြန့်ဝေခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် မစ္စတာ အလက်စ်ဇန်းဒါး ဆာဂီးဗစ်ရှ် ရှတီရော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နေပြည်တော်တွင် သဘာဝမြေဩဇာ ရွက်ဖျန်းအားဆေးရည်ထုတ်လုပ်မည့်စက်ရုံ တည်ဆောက်ရေးစီမံကိန်းနှင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဆိုင်ရာ လုပ်ငန်းများတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာ

ရန်ကုန် ဩဂုတ် ၂

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမ ၁၈ ဦး၊ ကျောင်းသား ကျောင်းသူ ၅၁ ဦး စုစုပေါင်း ၇၀ တို့သည် ယမန်နေ့က ရန်ကုန်မြို့ လှိုင်မြို့နယ် ပါရမီလမ်းတွင်ဖွင့်လှစ်ထားသည့် နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာ (Nuclear Technology Information Center) သို့ သွားရောက်လေ့လာကြသည်။

အဆိုပါလေ့လာရေးအဖွဲ့ကို တာဝန်ရှိသူများက နျူကလီးယားစွမ်းအင်ထုတ်လုပ်မှုနည်းပညာများ၊ နျူကလီးယားဓာတ်ရောင်ခြည်ကို ကျန်းမာရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စက်မှုနှင့်ကုန်ထုတ်လုပ်ငန်းကဏ္ဍများတွင် အသုံးပြုနိုင်ပုံတို့ကို အသေးစိတ်ရှင်းလင်းပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# ဟိုင်းကြီးကျွန်းမြို့၌ ကျေးရွာချင်းဆက် တံတားလုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

ငပုတော ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဇီးချိုင်ရွာအဝင် ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်တံတားကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ တံတားတည်ဆောက်ရေးအဖွဲ့ (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဇော်မင်း၊ ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သုံးခွမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်



ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် သဲကုန်းကျေးရွာအား စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းချိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းဝင်ကျေးရွာများမှ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် သဲကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ထံသို့ ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **JJJ**

# ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ(ပထမအကြိမ်) ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၂

၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ (ပထမအကြိမ်) ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ရုံးအမှတ် (၅၂)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက နှစ်စဉ် စက်တင်ဘာ ၈ ရက်သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်၍ အဆိုပါအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများအလိုက် ဝိုင်းဝန်းညှိနှိုင်းဆွေးနွေး၍ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်သွားမည်ဖြစ်ကြောင်းမှာကြားသည်။

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌများက ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဦးစီးကော်မတီဥက္ကဋ္ဌက အခမ်းအနားအောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်တို့ကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းရှိဆီစက်များသို့ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေများကို ထုတ်ချေးပေးလျက်ရှိ

## ငွေကြေးအရင်းအနှီး လိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုအဖွဲ့သည် ပြည်တွင်းရှိဆီစက်များသို့ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံးရင်းနှီးလည်ပတ်ငွေ လိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့်ညီညွတ်ပါက လျှောက်ထားနိုင်ပါသည် -

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊

(ခ) လုပ်ငန်းအမည်ပေါက် လိုင်စင် (သက်တမ်းရှိ) ရှိရမည်၊

(ဂ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၇) များကို ပေးအပ်နိုင်ရမည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိ ချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုပါက **သီးခြားအာမခံ**တင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊

(င) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ် ရရှိပြီးသူနှင့် သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များ အသင်းဝင်လုပ်ငန်းရှင်များအား ဦးစားပေးစဉ်းစားမည်။

၃။ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**(က) ချေးငွေပမာဏ**

| | | | |
|---|---|---|---|
| (၁) | **လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ (Working Capital) အတွက်ချေးငွေ** | - | အနည်းဆုံး ကျပ် သိန်း ၁၀၀ မှ အများဆုံး ကျပ် သိန်း ၃၀၀၀ အထိ |
| (၂) | **မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ** | - | အနည်းဆုံး ကျပ် သိန်း ၂၀၀ မှ အများဆုံး ကျပ် သိန်း ၃၀၀၀ အထိ |
| (၃) | ကျပ်သိန်း ၃၀၀၀ အထက် ချေးငွေရယူလိုသော ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူးရုံး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။ | | |

**(ခ) ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလ**

| | | | |
|---|---|---|---|
| (၁) | လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ | - | **ချေးငွေသက်တမ်း (၁) နှစ်** |
| (၂) | မတည်ရင်းနှီးငွေ | - | **ချေးငွေသက်တမ်း (၃) နှစ် ၃ ရစ်ဆပ်** |

**(ဂ) ချေးငွေအတိုးနှုန်း** - **၁ နှစ်လျှင် (၅%)**

၄။ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါ ရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများရယူ၍ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဆီစက်ပိုင်ရှင်များ အသင်းရုံးများအားလုံး၊

(ခ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးများအားလုံး၊

(ဂ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများအားလုံး၊

(ဃ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ **တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံး၊**

(င) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ **တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်နှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံး၊**

၅။ ဆီစက်ချေးငွေအဆိုပြုလွှာပုံစံများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန website www.mopf.gov. mm၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန website https://msmewebportal.gov.mm/၊ မြန်မာဆီစက်ပိုင်ရှင်များအသင်း website http://www.meoma.org ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း website http://meoda.myanmarwebtraining.com၊ MEB website www.meb.gov.mm ၊ MADB website www.madb.gov.mm တို့တွင် download ရယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဖိုတိုလစ်သို ပုံနှိပ်စက်ရုံတွင် လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန် မြို့ဗဟန်းမြို့နယ်ငါးထပ်ကြီးဘုရား လမ်းရှိ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဖိုတိုလစ်သိုစက်ရုံဝင်းအတွင်း၌ ပုံနှိပ်ခြင်းလုပ်ငန်းနှင့် စာအုပ်ချုပ်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး စာသင်ခန်း၊ အားကစားခန်းမနှင့် သိုလှောင်ခန်းအဖြစ် အသုံးပြုနိုင်ရန် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဖိုတိုလစ်သိုစက်ရုံ စက်ရုံမှူးက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က စာအုပ်၊ စာပေကို အလေးထားတန်ဖိုးထားကြောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအနေဖြင့် ပြင်ပမှ စာအုပ်၊ စာစောင်များကို ပုံနှိပ်ထုတ်ဝေပေးလျက်ရှိပြီး ဌာနအနေဖြင့် အချိန်မီထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့ကို ဆက်လက်ဂရုပြုသွားရန် လိုအပ်ကြောင်း၊ ပုံနှိပ်စက်ရုံအတွင်း စက်ပစ္စည်းများ ကြံ့ခိုင်ရေးနှင့် ပစ္စည်းများ အလေအလွင့်မရှိစေရေး အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

၁၉၅၁ ခုနှစ်တွင် အဆိုပါစက်ရုံမြေနေရာကို ငွေကျပ် ၁၀၂၀၁၈၀ ဖြင့် ဗဟိုပုံနှိပ်တိုက်က ဝယ်ယူခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ဝန်ထမ်း ၉၀ ကျော်ဖြင့် ဗဟိုပုံနှိပ်တိုက်ခွဲ (ဖိုတိုလစ်သိုပုံနှိပ်တိုက်ခွဲ)အဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ် မတ်လတွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းစဉ် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံဟူ၍ ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ဂျပန်နိုင်ငံ JICA အထောက်အပံ့ဖြင့် ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်ပုံနှိပ်လုပ်ငန်းစီမံချက်ကို ယန်းငွေ သန်းပေါင်း ၆၉၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟင်္သာတမြို့နယ်၌ ရေဝင်သည့်ကျေးရွာများသို့ တိရစ္ဆာန်အစာနှုအိတ်များ ထောက်ပံ့ပေးအပ်




ဟင်္သာတ ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ရေဝင်သည့်ဒေသများသို့ တိရစ္ဆာန်အစာနှုအိတ်များ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာ အောင်သူမျိုးက ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးချုပ်တို့မှ တိရစ္ဆာန်အစာနှုအိတ်များ ထောက်ပံ့ရရှိမှုအခြေအနေများ၊ ဆက်လက်ဖြန့်ဖြူးမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ပြီး ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက ဟင်္သာတခရိုင်အတွင်းရှိ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်များရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးညွှန့်ဆန်းထွန်းက ရေဝင်ဒေသရှိ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများထံသို့ တိရစ္ဆာန်အစာနှုအိတ်များ ပေးအပ်ခဲ့ကြပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာ ယုနန္ဒာအောင်က တိရစ္ဆာန်ကျန်းမာရေးလုပ်သားများအား တိရစ္ဆာန်ကုသဆေးများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ ထောက်ပံ့ပေးအပ်သော တိရစ္ဆာန်အစာနှုအိတ်များကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ၃ ဒသမ ၂၅ တန်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးချုပ် နေပြည်တော်က ၄ ဒသမ ၅ တန် ဟင်္သာတခရိုင်အတွက် စုစုပေါင်း ၇ ဒသမ ၇၅ တန် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ခရိုင်အတွင်းရှိမြို့နယ်များသို့ ခွဲဝေထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မြန်မာ့တောင်ပင်လယ်ပုလဲ ရောင်းချပွဲဗဟိုကော်မတီအစည်းအဝေး တက်ရောက်

နေပြည်တော် ဩဂုတ် ၂

မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာမြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့်အခြေအနေ၊ မြန်မာ့တောင်ပင်လယ်ပုလဲရတနာများ ရောင်းချနိုင်ရေး စီစဉ်ထားရှိမှုအခြေအနေ၊ ရောင်းချမည့် ပုလဲအတွဲများ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ ပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီများက ကဏ္ဍအလိုက် အသေးစိတ်ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြသည်။

အစည်းအဝေးသို့ မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ တက်ရောက်သည်။

သတင်းစဉ်



# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်စက်ရုံများသို့ ကွင်းဆင်းအားပေး






ရန်ကုန် ဩဂုတ် ၂

အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) စက်မှုဇုန်ရှိ King Lead Co.,ltd နှင့် Emeral Foot Wear (Shoe) Co.,ltd အထည်ချုပ်စက်ရုံနှင့် ဖိနပ်စက်ရုံများသို့ ကွင်းဆင်းအားပေးသည်။

ဦးစွာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံတာဝန်ခံများ၊ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့် စက်ရုံ အလုပ်သမားအဖွဲ့အစည်းဝင်များ၊ လုပ်ငန်းခွင်ညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး တာဝန်ခံများက လုပ်ငန်းခွင် အခြေအနေများ ရှင်းလင်းတင်ပြမှုကို ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု၍ လုပ်သားများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်း၍ CMP လုပ်ငန်း စနစ်တကျရှိစေရေး ကြီးကြပ် ဆောင်ရွက်ပေးနေကြောင်း၊ ဆပ်ကော်မတီအလိုက် ကွင်းဆင်း စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ အတည်ပြုချက်ဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျက်ရှိကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ရန်နှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယ ဦးစားပေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားချက်နှင့် အညီ ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အစိုးရနှင့် ပုဂ္ဂလိက အသင်းအဖွဲ့များက တာဝန်ယူ၊ တာဝန်ခံခြင်းဖြင့် တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ CMP စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊အလုပ်သမားရေးရာ အငြင်းပွားမှု လျော့နည်းပပျောက်စေရေး တည်ဆဲအလုပ်သမားရေးရာဥပဒေများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) စက်မှုဇုန်ရှိ Dangon Talent Co.,Ltd နှင့် Woorie MJ Shirts Co.,Ltd အထည်ချုပ်စက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အလုပ်သမားရေးရာ ဥပဒေများနှင့်အညီ လိုက်နာဆောင် ရွက်ရေး၊ လုပ်သားများ၏ သက်သာချောင်ချိရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန် နားလည်ယုံကြည်မှု၊ စေတနာပါမှုတို့ဖြင့် ဆောင်ရွက်ပေးရန် မှာကြားကာ စက်ရုံအတွင်း အလုပ်သမားများ အေးချမ်းစွာလုပ်ကိုင်နေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။ သတင်းစဉ်

# ကြည့်မြင်တိုင်မြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ သာဓုပရိယတ္တိစာသင်တိုက် ဓမ္မပါလကျောင်းခန်းမဆောင်၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားမှူးအဖြစ် အသင်းစုအတွင်းရေးမှူး ဦးမျိုးဦးက ဆောင်ရွက်၍ အသင်းစုဥက္ကဋ္ဌ ဦးတင်စိန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးမင်းမင်းယုက အမှာစကားပြောကြားပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ စာရင်းစစ်အဖွဲ့၏အစီရင်ခံစာများကို အသင်းစုဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်တင်၊ စာရင်းစစ်ဒေါ်ညွန့်ညွန့်ဝင်းတို့က ဖတ်ကြား၍ အသင်းသားများ၏ အတည်ပြုချက်ကို ရယူခဲ့ကြသည်။

ထို့နောက် သဘာပတိဦးတင်စိန်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

တင်ဝင်းတင်



# ဘုရင့်နောင်ရောင်းဝယ်ရေးသမဝါယမအသင်း၏ အစည်းအဝေးကျင်းပ



လှိုင်သာယာ ဩဂုတ် ၂

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်တွင် "ဘုရင့်နောင်ရောင်းဝယ်ရေး" သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက အသင်းရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဘုရင့်နောင်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ဥက္ကဋ္ဌ ဦးမောင်စိန်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်တို့က အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအား အမှုဆောင်အဖွဲ့ဝင်က ဖတ်ကြားသည်။

ထို့နောက် အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းနှင့် အမြတ်ခွဲဝေမှု စာရင်းများကို အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် သဘာပတိ၏ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ခဲ့သည်။

**လက်ဆောင်ပစ္စည်းများ ပေးအပ်**

အဆိုပါ သမဝါယမအသင်းလီမိတက်သည် အစည်းအဝေးတက်ရောက် လာသူများအား အသင်းသားတစ်ဦးလျှင် ပေါ်ဆန်းမွှေးတစ်ပြည်၊ ပဲဆီ ၅၀ သားလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြောင်းမြမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

မြောင်းမြ ဩဂုတ် ၂

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် ကျောင်းသားကျောင်းသူများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မြောင်းမြမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသည်။



မြောင်းမြမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုလဝကမှူး ဒေါ်ဥမ္မာခင် ဦးဆောင်သောအဖွဲ့သည် ပြင်ရွာကျေးရွာ အထကကျောင်း၌ ကျား ၄၁ ဦး၊ မ ၅၂ ဦး စုစုပေါင်း ၉၃ ဦး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အငယ်တန်းစာရေး ဒေါ်ဆုမြတ်နိုး ဦးဆောင်သောအဖွဲ့သည် မြစန္ဒာရပ်ကွက်ရှိ အထက (၇)တွင် ကျား ၃၂ ဦး၊ မ ၅၈ ဦး စုစုပေါင်း ၉၀ ကို နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ထက်(ဧရာဝတီ)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် ယနေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့ ရန်ကုန်-မန္တလေးကားလမ်း ပါဠိတက္ကသိုလ် မင်္ဂလာဇေယျ ပရိယတ္တိစာသင်တိုက်အနီးတွင် မိုးရွာသွန်းမှုများပြားခြင်းကြောင့် လမ်းများပေါ်တွင် ရေတင်ရေဝပ်ခြင်းနှင့် ရေကျော်ခြင်းမရှိစေရေး ရေဆင်းမြောင်းများဖောက်လုပ်ခြင်း၊ လမ်းဘေးရေမြောင်းများတူးဖော်ခြင်း၊ မြက်ချုံရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ (၈၅)တံတားအောက် ငလိုက်ချောင်းဘေးတွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အများပြည်သူစိတ်ချမ်းမြေ့စွာ အပန်းဖြေစေနိုင်ရေးအတွက် တံတားအောက်ပတ်ဝန်းကျင်တွင် ပန်းခြံတစ်ခုဆောင်ရွက်ရန်၊ ချောင်းကမ်းဘေးတစ်လျှောက် စိုက်ပျိုးထားသော အရိပ်ရပင်များကြားတွင် ပန်းအလှပင်များထည့်သွင်းစိုက်ပျိုး ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်အတွင်း ရေတင်ရေဝပ်ခြင်းမရှိစေရေး အင်ကြင်းလမ်းနှင့် သရဖီလမ်းတစ်လျှောက်တွင် လမ်းဘေးရေနုတ်မြောင်းများ ဆယ်ယူတူးဖော်ခြင်း၊ လမ်းများတစ်လျှောက် သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန်က မြို့သာယာလှပရေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ရန်၊ လမ်းများပေါ်တွင် ရေတင်ရေဝပ်ခြင်းများမရှိစေရေးနှင့် စနစ်တကျဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့ပြင် ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် မြန်မာ့သိုင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားရုံ၌ ကျင်းပရာ နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီ နာယကက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက လက်သိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၊ ဓားတစ်လက် တစ်ဦးချင်းပြိုင်ပွဲနှင့် ဓားနှစ်လက် တစ်ဦးချင်းပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဓားတစ်လက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အားကစားသမားများနှင့် ဓားနှစ်လက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် အားကစားသမားတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီ နာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌက လက်သိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်း၊ ဒုတိယဆုရရှိသည့် လယ်ဝေးမြို့နယ်အသင်း၊ ပထမဆုရရှိသည့် ပုဗ္ဗသီရိမြို့နယ်အသင်းတို့မှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး တံခွန်စိုက်ဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ညောင်ရွှေမြို့နယ် အင်းပေါခုံခေတ်မီစံပြကျေးရွာအတွင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့သည် ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် တီကျစ်ကျေးရွာအုပ်စု နောင်မွန်းကျေးရွာသို့သွားရောက်၍ အသင်းသား ၁၅ ဦးဖြင့် နွားအကောင် ၃၀ မွေးမြူနေသော ရွှေတက်တိုးမွေးမြူရေးသမဝါယမအသင်းလီမိတက်မှ အသင်းသူအသင်းသားများနှင့်တွေ့ဆုံကာ ဒေသနွားမျိုးများ တိုးချဲ့မွေးမြူရန်နှင့် ယခင်ဘဏ္ဍာနှစ်တွင် သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် အိမ်သွယ်ရေတိုင်စနစ် သောက်သုံးရေရရှိရေး၊ ကုန်ထုတ်လမ်း တစ်မိုင် နှစ်ဖာလုံ ဖောက်လုပ်ပေးခြင်း၊ မြစိမ်းရောင်စီမံကိန်း မတည်ပေးခြင်းနှင့် ကျေးရွာအဝင်လမ်း လေးဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်အဖွဲ့သည် ဒေသခံတောင်သူများ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များတင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နောင်တရားမြို့သို့ သွားရောက်ပြီး နောင်တရား အာလူးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၏ တန် ၂၀၀၀ အာလူးအအေးခန်း သိုလှောင်ရုံကိုလည်းကောင်း၊ လိုအပ်သော ဒေသများတွင် တပ်ဆင်အသုံးပြုနိုင်ရေးအတွက် စမ်းသပ်ဆောင်ရွက်ထားသော ၄၈ တန်ဆံ့ ရွှေ့လျား အအေးခန်းသိုလှောင်ရုံ (Mobile Cool Room) ကိုလည်းကောင်း၊ ယခုကဲ့သို့ အအေးခန်းစက်ရုံကြီး ပေါ်ပေါက်လာစေရေးအတွက် အစပျိုးလုပ်ငန်းအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ကူညီပံ့ပိုးပေးခဲ့သော တန် ၃၀ ဆံ့ အအေးခန်းသိုလှောင် ရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ အဆိုပါသမဝါယမအသင်း၏ သဘာဝမြေဩဇာစက်ရုံကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ပြီး နောင်တရား အာလူးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၏ တစ်သျှူးကာချာနည်းဖြင့် အာလူးမျိုးများ စမ်းသပ်ထုတ်လုပ်နေသော မျိုးပွားခြံသို့သွားရောက်၍ ၄၅ ရက်သား ရုရှား G1 မျိုး စိုက်ပျိုးထားမှုကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် ပင်လောင်းမြို့နယ် နောင်တရားကျေးရွာ၊ နန်းတိုင်းကျေးရွာနှင့် လွင်ကျေးရွာတို့မှ ငရုတ်သီးစိုက် တောင်သူအစုအဖွဲ့များနှင့်တွေ့ဆုံပြီး လက်ရှိစိုက်ပျိုးထားသော ငရုတ်ဧက ၄၀၀၀ မှ ထွက်ရှိသော ငရုတ်သီးများ၏ ဈေးကွက်ရရှိမှုအခြေအနေ၊ တန်ဖိုးမြှင့်ထုတ်ကုန် ပြုလုပ်နိုင်မှုအခြေအနေတို့ကို ညှိနှိုင်းဆွေးနွေးပြီး သမဝါယမအသင်းစုချုပ်များနှင့် ပူးပေါင်း၍ ကုန်ထုတ်သမဝါယမအသင်းများ ဖွဲ့စည်းရေး၊ ပြည်တွင်းစားသုံးမှုဖူလုံရန်နှင့် ပြည်ပပို့ကုန်အထိပါ မျှော်မှန်းဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးရာ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကလောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တောင်မြေခြားနှင့် မြောက်မြေခြား ကျေးရွာချင်းဆက် လမ်းအရှည် တစ်မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ( One Village၊ One Product ) အဖြစ် မြန်မာ့ရိုးရာ ရက်ကန်းနှင့် အထည်လုပ်ငန်း ဆောင်ရွက်လျက်ရှိသော ညောင်ရွှေမြို့နယ် အင်းပေါခုံ ခေတ်မီစံပြကျေးရွာသို့ သွားရောက်၍ ကျေးရွာကော်မတီဝင်များ၊ ရက်ကန်းလုပ်ငန်းဆိုင်ရာ အတိုင်စည်းနည်းပညာ သင်တန်း တက်ရောက်နေသော သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အင်းပေါခုံ ခေတ်မီစံပြကျေးရွာတွင် ဆောင်ရွက်ပေးမည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်ရန်ပုံငွေများ ပေးအပ်ပြီး ကျေးရွာသူကျေးရွာသားများ၏ ဖွံ့ဖြိုးရေးလုပ်ငန်း တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ စက်လှေကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု(မွမ်းမံ)သင်တန်းဆင်း

ထားဝယ် ဩဂုတ် ၂

တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ဦးစီး၍ စက်လှေကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု(မွမ်းမံ) သင်တန်း အမှတ်စဉ်(၄/၂၀၂၄) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်း မီးသတ်တပ်ဖွဲ့ဝင်သင်တန်းသားများက ထားဝယ်မြစ်အတွင်း စက်လှေများဖြင့် ရှေ့/နောက် တစ်စင်းချင်းမောင်းနှင်ခြင်း၊ နှစ်စင်းရင်ပေါင်တန်းမောင်းနှင်ခြင်း၊ လေးစင်းရင်ပေါင်တန်းမောင်းနှင်ခြင်း၊ မီးလောင်နေသောရေယာဉ်အား မီးငြိမ်းသတ်ခြင်း၊ ရေနစ်နေသူအား အသက်ကယ်ဖောကွင်းအသုံးပြုကယ်ဆယ်ခြင်းနှင့် Intelligent Lifebuoy အသုံးပြု၍ ကယ်ဆယ်ခြင်း စသည့်ကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးစွမ်းရည်များ လေ့ကျင့်သရုပ်ပြသခဲ့ကြသည်။

သင်တန်းတွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ သန္နွေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ အား ထားဝယ်မြစ်၊ ကော့သောင်းနှင့်ဘုတ်ပြင်းခရိုင်တို့တွင် ဇူလိုင် ၂၂ ရက် မှ ဩဂုတ် ၂ ရက်ထိ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# စခန်းသစ်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၅၉၄ ဧက ရှိသော နယ်မြေကို **"စခန်းသစ်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာ အမှတ် (၆၅/၂၀၂၄) အရ ၁၃၈၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက် (၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၄ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/ လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ကမ်းရိုးတန်းဒေသ ရေရှည်တည်တံ့ရေးကို အထောက်အကူပြုနိုင်ရန်၊ ဒေသခံပြည်သူများအတွက် ငါး၊ ကဏန်း၊ ပုစွန်စသော ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်၊ ကုန်းတွင်းပိုင်းသို့ ဆားငန်ရေဝင်ရောက်မှုများမှ တားဆီးကာကွယ်နိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

စခန်းသစ်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတောသစ်မျိုးများဖြစ်သည့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ ငှက်၊ ကနစို၊ သမဲ့ကြီး၊ သမဲ့ကျက်တက်၊ လမု၊ လဘ၊ ပင်လယ်အုန်း၊ ကျနု၊ ဘူးဇရပ်၊ သမဲ့ဖြူနှင့် ဓနိပင် စသည်တို့အား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ခရုစုပ်ငှက်၊ ဗျိုင်းငှက်၊ စွန်ခေါင်းဖြူ မျောက်၊ တောဘဲ၊ တင်ကျီးငှက် စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ငါး၊ ကဏန်း၊ ပုစွန်များ ရှင်သန်ပေါက်ပွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်ခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**



# မြဝတီခရိုင်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြဝတီ ဩဂုတ် ၂

ကရင်ပြည်နယ် မြဝတီမြို့နယ်၌ သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက အမှတ်(၄)ရပ်ကွက် မြန်မာ-ထိုင်းချစ်ကြည်ရေး တံတားအမှတ်(၂)လမ်း မြို့တော်ခန်းမအနီးတစ်ဝိုက်တွင် စိုက်ပျိုးကြသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးကောင်းစံလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်ပြည်သူများအား ခရိုင်သစ်တောဦးစီးဌာနမှူး ဦးအောင်စိုးတင့်က စိုက်ပျိုးမည့်ပျိုးပင်များဖြစ်သည့် ပိတောက်၊ မဟော်ဂနီ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ရေတမာ၊ ကံ့ကော်၊ ခရေနှင့် မန်ကျည်းရှား ပျိုးပင်စုစုပေါင်း ၂၅၀ ပင်အား ပေးအပ်ပြီး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

# မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံ စာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်စာရေးဆရာအသင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ဦးစွာ အသင်းဥက္ကဋ္ဌဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အကြိုညှိနှိုင်းရှင်းလင်းသည်။

ဆက်လက်ပြီး တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာချီလိတ်မြို့နယ် စာရေးဆရာအသင်းက ငွေကျပ်သုံးသိန်း၊ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းက ငွေကျပ်နှစ်သိန်း၊ ဦးလှဆန်း(လှဆန်း-စိုက်ပညာရှင်)၊ စာရေးဆရာမ မီမီကို (အလှရပ်ဝန်း)၊ ဘားအံမြို့နယ် စာရေးဆရာအသင်း၊ ပြည်မြို့နယ် စာရေးဆရာ အသင်းဥက္ကဋ္ဌ ဒေါက်တာ ယဉ်ဝေလွင် (ပြည်)၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စာရေးဆရာအသင်း၊ မှော်ဘီမြို့နယ် စာရေးဆရာအသင်းနှင့် ရန်ကင်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးညွန့်ဝင်း(ညွန့်ဝင်း-နတ်တလင်း) က ငွေကျပ်ခုနစ်သောင်း၊ ဒေါ်ခင်တင့်ဝေ (ခင်တင့်ဝေ-မြို့တော်စည်ပင်)၊ ကျောက်တံတားမြို့နယ် စာရေးဆရာအသင်း၊ မိတ္ထီလာမြို့နယ်စာရေးဆရာအသင်း၊ ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ မရည်မွန် (ကျုံပျော်)၊ စာရေးဆရာမ ပျိုပျို(ယောဂ)၊ သာကေတမြို့နယ် စာရေးဆရာအသင်း၊ မိုးညှင်းမြို့နယ် စာရေးဆရာအသင်းနှင့် ချမ်းမြသာစည်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီအပါအဝင် အခြားအလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေပညာဒါန (အခမဲ့)ရွှေပညာသင်တန်းအမှတ်စဉ် (၃၃) ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် ရွှေပညာဒါန(အခမဲ့) ရွှေပညာသင်တန်းအမှတ်စဉ် (၃၃)ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးတွင် ဖွင့်လှစ်ခဲ့သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ပြောကြားသည်။



သင်တန်းတွင် ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေဈေးကွက်ရောင်းဝယ်ခြင်း၊ ရွှေဆိုင်ဖွင့်ရန် အခြေခံတွက်ချက်နည်း၊ ရွှေပန်းထိမ်၊ ရွှေဒင်္ဂါး/ ငွေဒင်္ဂါး ရွှေအပေါင်ခံခြင်း၊ ကျောက်မျက်ပညာ၊ အသုံးချရွှေသင်္ချာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း အစရှိသည့် ဘာသာရပ်များကို ဩဂုတ်၂ ရက်မှ ၁၁ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ၁၀ နာရီအထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ရာ သင်တန်းသား သင်တန်းသူ ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်မြင့် (ပြန်/ဆက်)

ရန်ကုန် အရှေ့ပိုင်း တက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယနှစ်ဝက်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်ဝက်၌ အထူးပြုဘာသာရပ်အသီးသီး၌ တက်ရောက်ပညာသင်ကြားနေကြသော ပထမနှစ်မှ မဟာတန်း သင်တန်းအထိ ကျောင်းသားကျောင်းသူများအား ဖွဲ့စည်းပုံ အခြေခံဥပဒေ၊



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေများနှင့်စပ်လျဉ်း၍ ဩဂုတ် ၂ ရက်က အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမကြီးတွင် ဥပဒေပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာစမ်းစမ်းလွင်က ဟောပြောစဉ်။

တင်ဝင်းတင်

# အစ္စရေးနိုင်ငံအပေါ် အမေရိကန်က ကာကွယ်ပေးမည်ဖြစ်ဟု ဂျိုးဘိုင်ဒင် ကတိပြု




ဝါရှင်တန် ဩဂုတ် ၂

အစ္စရေးနိုင်ငံအပေါ် အီရန်နှင့် ၎င်း၏ မဟာမိတ်အဖွဲ့များက စစ်ဆင်ရေးဆင်နွှဲနိုင်သည့် မည်သည့်အခြေအနေမဆို အမေရိကန်က ကာကွယ်ပေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုအား ယမန်နေ့တွင် ကတိပြုပြောကြားသည်။

ဂျိုးဘိုင်ဒင်နှင့် နေတန်ယာဟုတို့သည် အထက်ပါကိစ္စရပ်နှင့်ပတ်သက်ပြီး တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြောင်း အိမ်ဖြူတော်က ယမန်နေ့တွင်ပြောကြားသည်။ အီရန်ကျောထောက်နောက်ခံပြု ရှီးယိုက်မွတ်စလင်အဖွဲ့ ဟဇ်ဘိုလာ၏ တပ်မှူးတစ်ဦးနှင့် ဟားမတ်စ်အဖွဲ့၏ ထိပ်တန်းနိုင်ငံရေးခေါင်းဆောင်တစ်ဦးတို့ သတ်ဖြတ်ခံရပြီးနောက် ဂျိုးဘိုင်ဒင်နှင့် နေတန်ယာဟုတို့၏ ဆွေးနွေးပွဲ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဟားမတ်စ်၊ ဟဇ်ဘိုလာနှင့် ဟူသီ အပါအဝင် အီရန်နိုင်ငံမှ ခြိမ်းခြောက်မှုအားလုံးကို အစ္စရေး၏ လုံခြုံရေးအတွက် အမေရိကန်က ကာကွယ်ပေးမည်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က ၎င်း၏ ကတိကဝတ်ကို ထပ်မံအတည်ပြုပြောကြားခဲ့သည်။

ခေါင်းဆောင်နှစ်ဦးသည် အစ္စရေး၏ ပဲ့ထိန်းဒုံးကျည်များနှင့် မောင်းသူမဲ့လေယာဉ်များကို ခုခံကာကွယ်ရန် ကြိုးပမ်းမှုများအပြင် အမေရိကန်ကာကွယ်ရေးတပ်ဖွဲ့များကို ဖြန့်ကြက်ထားရှိရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

## ဗီယက်နမ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူညီ

နယူးဒေလီ ဩဂုတ် ၂



ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် ဖန်မင်းချင်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီတို့သည် ဩဂုတ် ၁ ရက်တွင် အိန္ဒိယနိုင်ငံ၏ မြို့တော် နယူးဒေလီ၌ တွေ့ဆုံခဲ့ကြပြီး လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် ရေကြောင်းလုံခြုံရေးတို့ အပါအဝင် နှစ်နိုင်ငံဒေသတွင်း ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်ရန် သဘောတူညီခဲ့ကြကြောင်း နှစ်နိုင်ငံ ပူးတွဲထုတ်ပြန်သည့် ထုတ်ပြန်ချက်အား ကိုးကား၍ ဗီယက်နမ်နိုင်ငံပိုင် သတင်းအေဂျင်စီက သတင်းဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် ဖန်မင်းချင်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီတို့သည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်း ဆောင်ရွက်ခြင်း၏ အရေးပါမှုနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုးကား–အင်န်အိတ်ချ်ကေ
ဘာသာပြန်–အလင်းသစ်

## ဥရောပဒေသဆိုင်ရာ ဉာဏ်ရည်တုနည်းပညာ အက်ဥပဒေစတင်အသက်ဝင်လာ

ဘရပ်ဆဲလ် ဩဂုတ် ၂

ဥရောပဒေသဆိုင်ရာ ဉာဏ်ရည်တုနည်းပညာအက်ဥပဒေသည် ယမန်နေ့တွင် စတင် အသက်ဝင်လာခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

ယင်းအက်ဥပဒေအရ ဉာဏ်ရည်တုနည်းပညာ လုပ်ငန်းကဏ္ဍများသည် ဥရောပကော်မရှင်က ချမှတ်ထားသည့် စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ဥရောပကော်မရှင်၏ ဒစ်ဂျစ်တယ်လုပ်ငန်းဆိုင်ရာ တာဝန်ရှိသူ မာဂရီသဒ်ဗက်စတာဂျာက ပြောကြားသည်။ ယင်းအက်ဥပဒေအရ ဉာဏ်ရည်တုနည်းပညာကဏ္ဍကို အပိုင်းများခွဲ၍ သတ်မှတ်မည်ဖြစ်ပြီး လူသားများ သိလိုသည့် အဓိပ္ပာယ်ကို ချက်ချင်းဘာသာပြန်ဆိုပေးနိုင်သည့် ဉာဏ်ရည်တုနည်းပညာကဏ္ဍအပါအဝင် သက်ဆိုင်ရာ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ကဏ္ဍအသီးသီးအတွက်လည်း စည်းမျဉ်းများသတ်မှတ်မည်ဟု သိရသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် ယင်းချမှတ်ထားသည့် စည်းမျဉ်းများအား လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိကို တာဝန်ရှိသူများက စစ်ဆေးမည်ဖြစ်ကာ စည်းမျဉ်းချိုးဖောက်သည့် လုပ်ငန်းများကို ဒဏ်ငွေပေးဆောင်စေမည့် စနစ်ကို ကျင့်သုံးမည်ဖြစ်သည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ

## နယူးဇီလန်နိုင်ငံ၌ ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများအား ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု လျှော့ချမည်

ဝယ်လင်တန် ဩဂုတ် ၂

နယူးဇီလန်နိုင်ငံ၌ ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများအား ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု လျှော့ချရေးဆောင်ရွက်ရန် အစိုးရက ပံ့ပိုးမှုများဆောင်ရွက်နေကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးကို ပံ့ပိုးနေသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး လက်ရှိအချိန်တွင် အစိုးရက၎င်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထောက်ပံ့မှုများပေးအပ်နေကြောင်း အသေးစားစီးပွားရေးနှင့် ကုန်ပစ္စည်းထုတ်လုပ်မှုဆိုင်ရာဝန်ကြီး အန်ဒရူးဗေလာက ပြောကြားသည်။ ကုန်ပစ္စည်းထုတ်လုပ်ရေးကဏ္ဍသည် နယူးဇီလန် ပြည်တွင်း အသားတင်ထုတ်ကုန်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းရှိပြီး ပြည်ပပို့ကုန်၏ ၆၀ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်းနှင့် ယင်းကဏ္ဍတွင် လုပ်သား ၂၃၀၀၀၀ တာဝန်ထမ်းဆောင်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍသည် လက်ရှိအချိန်တွင် မှန်ကန်သည့် လမ်းကြောင်းသို့ ရောက်ရှိနေပြီး ယင်းလုပ်ငန်းကဏ္ဍသည် နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး ရည်မှန်းချက်များအား ပြည့်မီစေရေးအတွက် အားဖြည့်ကူညီနေကြောင်း ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာဝန်ကြီး ဆိုင်မွန်ဝက်စ်က ပြောကြားသည်။ ထို့ပြင် လုပ်ငန်းများအတွက် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် လိုအပ်သည့် အစီအမံများပံ့ပိုးခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ဗေလာက ထပ်လောင်းပြောကြားသည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**



## အစ္စရေးအား တိုက်ခိုက်ရန် အသင့်အနေအထားရှိဟု ဟဇ်ဘိုလာအဖွဲ့ခေါင်းဆောင် ပြောကြား

ဘေရွတ် ဩဂုတ် ၂

လက်ဘနွန်နိုင်ငံရှိ အီရန်ကျောထောက်နောက်ခံပြု ရှီးယိုက်မွတ်စလင် ဟဇ်ဘိုလာအဖွဲ့ခေါင်းဆောင် ဟာဆန်နာစ်ရာလာ၏သည် အစ္စရေးက ၎င်း၏အကြီးတန်းတပ်မှူးနှင့် ဟားမတ်စ်ထိပ်တန်းနိုင်ငံရေးခေါင်းဆောင်ကို သတ်ဖြတ်ပြီးနောက် အစ္စရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန် အသင့်အနေအထားရှိကြောင်း ယနေ့ပြောကြားသည်။

အစ္စရေးကို လက်တုံ့ပြန်ရန် မျှော်လင့်ထားကြောင်းနှင့် တိုက်ခိုက်ရေးဆင်နွှဲမှုသည် အဆင့်တစ်ခုသို့ ရောက်ရှိသွားပြီဖြစ်ကြောင်း ဟဇ်ဘိုလာအဖွဲ့ခေါင်းဆောင်ဟာဆန်နာစ်ရာလာ၏က ဆိုသည်။

ဟားမတ်စ်နိုင်ငံရေးခေါင်းဆောင် အစ္စမေလ်ဟာနီယာ၏သည် အီရန်နိုင်ငံ တီဟီရန်မြို့တော်သို့ သွားရောက်စဉ်အတွင်း သေဆုံးခဲ့ကြောင်း ဟားမတ်စ်အဖွဲ့က ဆိုသည်။

အဆိုပါ တိုက်ခိုက်မှုအတွက် အစ္စရေးအဖွဲ့တွင် တာဝန်ရှိကြောင်း အစ္စရေးတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း အီရန်နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင် အယာတိုလာ အလီ ခါမေနီက ဟားမတ်စ်နိုင်ငံရေးခေါင်းဆောင် အစ္စမေလ်ဟာနီယာ၏သေဆုံးမှုအပေါ် လက်စားချေရန် ၎င်းတို့တွင် တာဝန်ရှိကြောင်း ပြောကြားသည်။

အစ္စရေးနိုင်ငံအပေါ် လက်တုံ့ပြန်ရန်အတွက် ဆွေးနွေးမှုများပြုလုပ်ရန် တီဟီရန်မြို့တော်တွင် ဒေသတွင်းမဟာမိတ်ဖြစ်သည့် ဟစ်ဇ်ဘိုလာအဖွဲ့မှ ကိုယ်စားလှယ်များနှင့် အီရန်ထိပ်တန်းအရာရှိများ တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံသည် မည်သည့်အခြေအနေမဆို အလွန်မြင့်မားသော အဆင်သင့်အနေအထားတွင်ရှိနေပြီး ရန်လိုမှုမှန်သမျှအတွက် တန်ပြန်ပေးဆပ်မှုများကို ထိုက်တန်စွာ ပေးသွားမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

အယ်ဒီတာ့ထံပေးစာ

## အမေကျော် ဒွေးတော်လွမ်းခဲ့သူတွေဟာ တပ်မတော်ရဲ့သဘောထားအမှန်ကို သိမြင်လာကြပြီ၊ ပြည်သူအများစုက တပ်မတော်ကို အားပေးထောက်ခံနေကြပြီ၊ တရားသောစစ်ပွဲ အောင်မြင်ဖို့ ဝိုင်းဝန်းဆုတောင်းပေးနေကြပြီလို့ အသိပေးတင်ပြလို

အယ်ဒီတာခင်ဗျား–

စစ်ပွဲတွေ ဆက်ပြီး ကျယ်ပြန့်လာတဲ့သတင်းတွေ ကြားရပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားတွေ နေရာအနှံ့မှာ တိုက်ပွဲတွေဖြစ်ပွားနေတယ်လို့ ကြားသိရပါတယ်။

ကျွန်တော်က ဖေ့စ်ဘွတ်ခ် သိပ်မသုံးဖြစ်တော့ဘဲ တယ်လီဂရမ်က သတင်းတွေပဲ ဖတ်ဖြစ်တာများပါတယ်။ တယ်လီဂရမ်မှာ အားမလို အားမရ ရေးကြတဲ့သတင်းတွေ၊ အကြံပြုချက်တွေ မျိုးစုံအောင် ဖတ်ရပါတယ်။ တယ်လီဂရမ်မှာ ဖတ်ရတဲ့ သတင်းတွေကြောင့်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်တွေ စိတ်အားတက်ကြွမိပါစေလို့ ကျွန်တော်ဆန္ဒပြုမိပါတယ်။

ကျွန်တော်ဟာ တပ်မတော်သားဟောင်းတစ်ယောက်ပါ။

ရှေ့တန်းရောက်တပ်မတော်သားတွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ကျွန်တော်နှစ်သက်တဲ့ လက်ဝဲသုန္ဒရအမတ်ကြီးရဲ့ နန္ဒိသေနပျို့မှာ ထည့်သွင်းစပ်ဆိုထားတာလေးနဲ့ အားပေးချင်ပါတယ်။

**သူတို့ မှတ်ရိုး၊ စစ်မက်ထိုးသော်၊**
**အားကြိုးတင်းတင်း၊ လူချင်းချင်းကို၊**
**ဘယ်မင်းဖက်ပြိုင် ဘယ်တပ်ဆိုင်အံ့။**
**သူ့နိုင်ငံသား၊ သံမှုန့်စားမှ၊**
**တို့ခားတုံးမည်၊ မှတ်တော်တည်လော့ ....။ ။**

မြန်မာ့သွေး နီကြောင်းပြကြပါ။ သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေမယ့် သူရဲကောင်းတွေကို ကျွန်တော်တို့အမြဲတမ်း ဝန်းရံနေမယ်၊ ထာဝရ ရပ်တည်နေမယ်၊ သစ္စာစောင့်သိနေမယ်လို့ ကတိပေးလိုပါတယ်။

အခုဆိုရင် တိုက်ပွဲမှာ သေဆုံးတဲ့၊ ဒဏ်ရာရတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေ အများအပြားရှိနေကြောင်း သတင်းတွေ ကြားသိရပါတယ်။ ဘုရားဖျက်၊ စေတီဖောက်၊ ပြည်သူကို ဒုက္ခပေး၊ အပြစ်မဲ့ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးနေတဲ့ သောင်းကျန်းသူတွေကို နတ်ကောင်းနတ်မြတ်တွေ၊ သူတော်စင်တွေ နှစ်သက်မယ် မထင်ပါဘူး။ ကျွန်တော်တို့ တပ်မတော်သားတွေဘက်မှာ တရားကိုစောင့်တဲ့ သမ္မာဒေဝနတ်ကောင်းနတ်မြတ် တွေ စောင့်ရှောက်နေမယ်လို့ ယုံကြည်မိပါတယ်။ မူးယစ်ဆေးဝါးတွေသုံး၊ သာလွန်တဲ့ လူအင်အား အားကိုးနဲ့တစ်ပွဲတိုး တိုက်ပွဲဝင်နေတဲ့ ရန်သူတွေကို ပြေးစရာမြေမရှိအောင် ချေမှုန်းသုတ်သင်ကြစေလိုပါတယ်။ အောင်မြေကို ဆက်လက်ချဲ့ပေးကြပါ။

လက်ရှိတိုက်ပွဲမှာ ထူးချွန်ထက်မြက်သူတွေကို ( တပ်သားကနေအရာရှိကြီးအထိ) တစ်ဆင့်တိုး အဆင့်တိုးမြှင့်ပေးတာတွေ ကြားရလို့ ဝမ်းသာမိပါတယ်။ စွမ်းရည်ဘွဲ့ပေးတဲ့အခါကျရင်လည်း ထိုက်ထိုက်တန်တန် (တန်ဖိုးများများ) ပေးအပ်စေချင်ပါတယ်။ တိုက်ပွဲဝင် လုံခြုံရေးတပ်ဖွဲ့ဝင်တွေထဲက ပင်စင်နားနီးသူတွေ၊ ထိခိုက်ဒဏ်ရာကြီးမားသူတွေကို နေထိုင်ရေး မပူပင်ရစေဖို့ တိုက်ခန်းတွေ၊ လိုင်းခန်းတွေ၊ မြေကွက်တွေ စီစဉ်ပေးတာတွေ လုပ်ပေးမယ်ဆိုရင်လည်း တိုက်ပွဲဝင်စိတ်ဓာတ်တွေ ပိုပြီးမြင့်တက်သွားမလားလို့ စဉ်းစားမိပါတယ်။

ကျွန်တော် တပ်မတော်သားဘဝက နယ်စပ်တစ်နေရာမှာ တိုက်ပွဲဝင်ဖို့ စုရုံးရောက်နေတုန်းမှာ ထိုစဉ်က ခေါင်းဆောင်တွေက ပြောခဲ့ဖူးတာရှိပါတယ်။ မင်းတို့ကို တပ်နီတော်တွေ ဂျာမနီကို ဝင်သိမ်းဖို့ လုပ်နေတုန်းက သူတို့ခေါင်းဆောင်တွေက သူတို့လက်အောက်ကို အမိန့်ပေးသလို ငါတို့အမိန့်ပေးမယ်။ မင်းတို့သဘောပေါက် ဆိုတာကို နှစ်ပေါင်းများစွာကြာခဲ့ပေမယ့် မှတ်မိနေပါသေးတယ်။

ဘာပဲဖြစ်ဖြစ် လူကြီးတွေဆိုတာ ကိုယ့်ထက်ပိုပြီး တိုက်ပွဲဝင်သူတွေ စိတ်အားတက်စေဖို့ အမြဲတစေ စဉ်းစားတွေးတောလုပ်ကိုင်နေတယ်ဆိုတာ ယုံကြည်ပါတယ်။

အခုအချိန် ယာယီတိုက်ပွဲရှောင်ပြည်သူတွေ များပြားလာတာ၊ မြို့ဖျက်ပြည်ဖျက်ခံရတာ၊ မိမိတို့ပိုင် စည်းစိမ်ဥစ္စာတွေ လုယူခံရတာတွေဟာ ဘယ်သူတွေကြောင့်လဲဆိုတာ ခွဲခြားသိမြင်လာကြပြီ၊ အမေကျော် ဒွေးတော်လွမ်းခဲ့သူတွေဟာ တပ်မတော်ရဲ့သဘောထားအမှန်ကို သိမြင်လာကြပြီ၊ ပြည်သူအများစုက တပ်မတော်ကို အားပေးထောက်ခံနေကြပြီ၊ တရားသောစစ်ပွဲ အောင်မြင်ဖို့ ဝိုင်းဝန်းဆုတောင်းပေးနေကြပြီလို့ အယ်ဒီတာမှတစ်ဆင့် အသိပေးတင်ပြလိုက်ရပါတယ်။

**လှမောင်(ကျောက်ဆည်မြို့)**

## သထုံမြို့နယ်အတွင်း ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ တံတားတစ်စင်းအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဩဂုတ် ၂

အကြမ်းဖက်သမားများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်းကုန်စည်စီးဆင်းမှု ရပ်တန့်စေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ရုံးဌာန အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ကျေးရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်း၊ Drop Bomb များကြဲချတိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်နေသည်ကို ပြည်သူလူထုအသိပင်ဖြစ်သည်။



တံတားပြင်ဆင်ပြုပြင်ပြီး မော်တော်ယာဉ်များ ပြန်လည်ဖြတ်သန်းသွားလာနေသည့် မှတ်တမ်းဓာတ်ပုံ။

ယနေ့နံနက် ၄ နာရီ ၁၅ မိနစ်ခန့်တွင် အများပြည်သူ အားထားအသုံးပြုလျက်ရှိသည့် မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်–မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် (၁၃၄/၄) နှင့် (၁၃၄/၅) ကြား အရှည် ၁၀ ပေ အကျယ်ပေ ၄၀၊ ခံနိုင်ဝန်တန် ၆၀ ရှိ သံကူကွန်ကရစ် အမျိုးအစား တံတားအမှတ် (၃/၁၃၆)အား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတားမှာ ၁၀၀ ရာခိုင်နှုန်း ပြိုကျပျက်စီးသွားခဲ့ပြီး ယာဉ်ကြီး/ ယာဉ်ငယ်များ ဖြတ်သန်းသွားလာမှု ရပ်တန့်ခဲ့ရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့ရသည့် တံတားအား သက်ဆိုင်ရာ လမ်း/တံတား ဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက အများပြည်သူ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ယာယီ တံတားကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြင်ဆင်မှု များဆောင်ရွက်ခဲ့ရာ နံနက်၉ နာရီမှစ၍ ယာဉ်များ အားလုံး ပုံမှန်အတိုင်းဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုကို ထိခိုက်စေရန်၊ အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်နှင့် ဒေသအတွင်း တည်ငြိမ်မှုပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းတံတားများကို ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်သည်။

အကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ်အတွင်း ရန်ကုန်–မော်လမြိုင်သွား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲမှု ခြောက်ကြိမ်အထိ ပြုလုပ်ခဲ့ပြီးငင်းတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် လမ်းတံတားများကို လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းမရှိစေရေး တာဝန်ရှိသူများက ပြန်လည်ပြင်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြည်သူလူထု၏သွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများကို ထိခိုက်အောင် လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter–Terrorism Operation) ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပျက်စီးခဲ့သည့် တံတားကို ပုံမှန်အတိုင်းပြန်လည် အသုံးပြုနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မောင်တောမြို့ပေါ်ရှိ မွတ်ဆလင်လူငယ်များကို စစ်သင်တန်းတက်ရောက်ရန် ခေါ်ယူခြင်းကြောင့် ရာနှင့်ချီသည့် မွတ်ဆလင်လူငယ်များ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေးသွားကြောင်း ဝါဒဖြန့်ဝေနေ

နေပြည်တော် ဩဂုတ် ၂

ရခိုင်ပြည်နယ် မောင်တောမြို့ပေါ်ရှိ ရပ်ကွက်တစ်ခုကို လူငယ် ၃၀ စီ စစ်သင်တန်းတက်ရောက်ရန် တပ်မတော်က အဓမ္မတောင်းခံနေသည့်အတွက် မွတ်ဆလင်လူငယ်များ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေးနေကြောင်း မီဒီယာအမည်ခံ AA အကြမ်းဖက်အဖွဲ့၏ လူမှုကွန်ရက်များတွင် မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း သိရပြီး AA အကြမ်းဖက်သမားများက ရခိုင်ပြည်နယ် မောင်တောမြို့အား တိုက်ခိုက်ရာတွင် စစ်ရေးနှင့်မသက်ဆိုင်သည့် မြို့/ရွာများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့် အရပ်သားပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့်အတွက် ဒေသခံပြည်သူများက ထိုသို့ အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် AA အကြမ်းဖက်သမားများကို လက်မခံကြောင်း ဆန့်ကျင် ကန့်ကွက်လျက်ရှိသည်။ ထို့သို့ AA အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် တရားမဝင်ပြည်ဖျက် မီဒီယာများက ဒေသခံပြည်သူများ အထင်အမြင်လွဲမှားလာစေရန် ယခုကဲ့သို့ မဟုတ်မမှန်လုပ်ကြံသတင်းများရေးသားပြီး ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မွန်ပြည်နယ်ဝန်ကြီးချုပ် ကွန်ပျူတာတက္ကသိုလ်(သထုံ) UCSTT Project Show 2024 အခမ်းအနား တက်ရောက်

**သထုံ ဩဂုတ် ၂**

ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ UCSTT Project Show 2024 အခမ်းအနားကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ခေတ်သည် ICT ခေတ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် Digital Economy & Digital Government ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ဆောက်မှု၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုများမှာ ICT နည်းပညာများ ဖွံ့ဖြိုးလာစေရေး နိုင်ငံအတွင်း Digital အခွင့်အလမ်းများ အမိအရ ဆုပ်ကိုင်နိုင်ရန် လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည့်အပြင် နည်းပညာဆိုင်ရာ သင်တန်းကျောင်း၊ တက္ကသိုလ်များကလည်း လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်သင်ကြား မွေးထုတ်ပေးနိုင်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယနေ့ Project Show ပြပွဲမှ ဒေသအကျိုးပြု နိုင်ငံ့အကျိုးပြု Project များ ပေါ်ထွက်လာခြင်း၊ ဆန်းသစ်တီထွင်မှုနှင့် စွန့်ဦးတီထွင်မှုဆိုင်ရာ အတွေးအခေါ်များရရှိခြင်း၊ သင်ခန်းစာများကို လက်တွေ့အသုံးချ အကောင်အထည်ဖော်နိုင်ခြင်း၊ လုပ်ငန်းခွင်အကြို အတွေ့အကြုံများ ရရှိနိုင်ခြင်း၊ IT Industry များတွင် အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိရန် ကြိုတင်ပြင်ဆင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က Project Show အတွက် ထောက်ပံ့ချီးမြှင့်ငွေ ပေးအပ်ခဲ့ရာ ကွန်ပျူတာတက္ကသိုလ်(သထုံ) ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းက လက်ခံရယူခဲ့သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ခန်းမအတွင်း၌ မေဂျာအလိုက် သင်တန်းနှစ်အလိုက် ကျောင်းသား ကျောင်းသူများ၏ Project Show ၂၁ ခု၏ ယှဉ်ပြိုင်သရုပ်ပြသမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# Junior Development Program – 2 ပန်းလှိုင်ဂေါက်ကွင်း၌ ပြုလုပ်

**ရန်ကုန် ဩဂုတ် ၂**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က စီစဉ်သည့် Junior Development Program–2 ကို ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာ ပြုလုပ်လျက်ရှိသည်။

**သင်ကြားပို့ချ**



အဆိုပါ Program တွင် မြန်မာ့လက်ရွေးစင်ဂေါက်သီးရိုက်ကစားသမားများကို နည်းပြအဖြစ်ဆောင်ရွက်ပေးခဲ့သည့် TANAPAT PICHAIKOOL အပါအဝင် ထိုင်းလက်ရွေးစင် ဂေါက်သီးရိုက်အသင်း လက်ထောက်နည်းပြ PHUWARIT RUNGPITTAYA–THON၊ CHETNIPATH SUTABU–TRA(Thailand Professional Trackman Representative)၊ STEPHEN CHICK(PGA Professional, Myanmar Junior National Coach နှင့် Yan Naing Phyo (Technical Consultant) တို့က သင်ကြားပို့ချပေးနေခြင်းဖြစ်သည်။

၎င်းနည်းပြဆရာများအနေဖြင့် ဂေါက်သီး အားကစားနည်းနည်းစနစ်များဖြစ်သည့်(Refin–ing your swing teachnique to enhance consistency and accuracy, Player evaluation & Swing Analysis by utilizing Trackman Technology, Putting, Chipping, Driving Range Drills will provide to each player, By Analyzing, addressing areas of improve–ment, Simple Course Manage–ment, To Optimize perfor–mance and achieve scoring targets)တို့ကို သင်ကြားပို့ချပေးသွားမည် ဖြစ်သည်။

Junior ကစားသမားများ၏ ဂေါက်သီးအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ပြုလုပ်ပေးခြင်းဖြစ်ပြီး Junior Development Program အစီအစဉ်များကိုလည်း ထပ်မံပြုလုပ်ပေးသွားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – MGF**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Zaw Win Htet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သီရိမင်္ဂလာရပ်ကွက်နေ ဇော်ဝင်းထက်အား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ “@edited bysharr” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာနေ အောင်မျိုးသူ(ခ) ဘဲဥအား ည ၈ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၅၀ | ၂၈၂၅ | ၂၇၈၀ | ၂၈၅၅ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၉၀ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၀ | ၄၂၅၀ |
| 95 Ron | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၈၀ | ၂၉၉၀ | ၃၀၀၅ | ၂၉၆၀ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၅ | ၃၀၀၀ | ၃၀၁၅ | ၃၄၂၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၅ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၅ | ၂၅၄၀ | ၂၅၇၀ | ၂၅၆၀ | ၂၅၇၀ | ၂၉၇၅ | ၄၂၅၀ |
| HSD (50 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |
| HSD (10 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၂၀ | ၂၇၀၆ |
| 95 Ron | ၂၇၄၂ | ၂၈၃၁ |
| HSD (500 ppm) | ၂၃၁၂ | ၂၃၈၈ |
| HSD (50 ppm) | ၂၇၆၆ | ၂၈၅၁ |
| HSD (10 ppm) | ၂၇၆၆ | ၂၈၅၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ထိုင်းနိုင်ငံ၏ သမဝါယမစနစ်ကို လေ့လာခြင်း

••••••••••• ခန့်ဇော်(ကျေးလက်) •••••••••••

ထိုင်းနိုင်ငံတွင် သမဝါယမစနစ်ကို လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော် ၁၉၁၅ ခုနှစ်ဝန်းကျင်ကတည်းက စတင်ခဲ့ပြီး ၁၉၁၆ ခုနှစ်တွင် ပထမဆုံးသော သမဝါယမအသင်း Wat Chan Cooperative Unlimited Liability ကို Phitsanulok ၌ အစိုးရက ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အကြွေးမဆပ်နိုင်သည့် တောင်သူများအား အကူအညီပေးနိုင်ရန် ကျေးရွာချေးငွေသမဝါယမအသင်းငယ်လေးတစ်ခုအဖြစ် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် လုပ်ကွက်ငယ်တောင်သူများ၏ စီးပွားရေးဖူလုံမှုမှတစ်ဆင့် ကုန်သွယ်နိုင်မှုအဆင့်အထိ စီးပွားရေးလုပ်ငန်းများ တိုးတက်လာအောင် ရည်ရွယ်ခဲ့ပြီး သမဝါယမစနစ်တွင် စိုက်ပျိုးရေး၊ ချေးငွေနှင့် ဝန်ဆောင်မှုကဏ္ဍများပါ ပါဝင်လာခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။



ထိုင်းနိုင်ငံ စိုက်ပျိုးရေးဆိုင်ရာ သမဝါယမအသင်းတစ်ခု၏ ထုတ်ကုန်သစ်သီးဝလံများကို တွေ့ရစဉ်။

၂၀၁၇ ခုနှစ်က ထိုင်းနိုင်ငံ၏ GDP တွင် သမဝါယမအသင်းများ၏ အထောက်အကူပြုနိုင်မှုသည် ၁၃ ရာခိုင်နှုန်းခန့်ရှိပြီး သမဝါယမအသင်းအားလုံး လည်ပတ်နေသည့် လုပ်ငန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၉ ဘီလီယံခန့်ရှိကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ သမဝါယမအသင်းပေါင်း ၈၁၃၀ ကျော်ရှိပြီး နိုင်ငံလူဦးရေ၏ ၁၉ ရာခိုင်နှုန်းခန့်၊ အသင်းသား ၁၂ သန်းခန့်သည် သမဝါယမအဖွဲ့ဝင်များဖြစ်ပြီး ၎င်းတို့အနက် တစ်ဝက်ခန့်သည် စိုက်ပျိုးရေးဆိုင်ရာ သမဝါယမအသင်းဝင်များ ဖြစ်ကြသည်။

၁၉၆၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် ထိုင်းနိုင်ငံ သမဝါယမအသင်းအဖွဲ့ချုပ် (The Cooperative League of Thailand)သည် ထိုင်းနိုင်ငံရှိ သမဝါယမအသင်းအားလုံးကို ကိုယ်စားပြုသည့် အမျိုးသားအဆင့်အဖွဲ့ချုပ်ဖြစ်သည်။ ထိုင်းနိုင်ငံရှိ သမဝါယမစနစ်၏ ထူးခြားချက်မှာ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း၊ အဖွဲ့အစည်း နှစ်ရပ်လုံးမှ သမဝါယမကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိခြင်းပင် ဖြစ်သည်။

### ကဏ္ဍအလိုက် သမဝါယမအသင်းများရှိခြင်း

ထိုင်းနိုင်ငံတွင် သမဝါယမအသင်းများကို ကဏ္ဍများအလိုက်ဖွဲ့စည်းထားရှိရာ ယေဘုယျအားဖြင့် အမျိုးအစား ခုနစ်မျိုးခန့် ခွဲခြားနိုင်ပြီး စိုက်ပျိုးရေးနှင့် ဆက်စပ်ကဏ္ဍများတွင် ၅၃ ရာခိုင်နှုန်း၊ ချေးငွေကဏ္ဍတွင် ၂၁ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ၁၅ ရာခိုင်နှုန်း၊ ချေးငွေရယူသူများတွင် ကိုးရာခိုင်နှုန်းနှင့် စားသုံးသူကဏ္ဍတွင် နှစ်ရာခိုင်နှုန်း စသည်ဖြင့် တွေ့ရှိရသည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန ကွပ်ကဲမှုအောက်တွင် သမဝါယမကဏ္ဍမြှင့်တင်ရေးဦးစီးဌာန (Cooperative Promotion Department-CPD)ကို ၁၉၇၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့် သမဝါယမကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်စေသည်ကို တွေ့ရသည်။

အခြေခံလူတန်းစားပြည်သူများနှင့် လုပ်ကွက်ငယ်တောင်သူများအတွက် ငွေကြေးဝန်ဆောင်မှုများ ရရှိနိုင်စေရန် လူထုအခြေပြုဘဏ္ဍာရေးသမဝါယမအသင်းများ အားကောင်းလာစေရေး အလေးပေးဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ သမဝါယမကဏ္ဍ အဆင့်ဆင့် ပြောင်းလဲလာမှု၏ နောက်ကွယ်တွင် ကျောထောက်နောက်ခံပြု ဥပဒေများသည်လည်း လိုအပ်ချက်နှင့်လျော်ညီစွာ ပြင်ဆင်ပြဋ္ဌာန်းထားမှုများ ရှိခဲ့သည်ကို လေ့လာသိရှိရပါသည်။

### သမဝါယမဥပဒေ

ထိုင်းနိုင်ငံ၏ ပထမဆုံးသော သမဝါယမဥပဒေကို ၁၉၁၄ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၁၉၁၆ ခုနှစ်တွင် ပထမအကြိမ်ပြင်ဆင်ခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် သမဝါယမအသင်းများအက်ဥပဒေကို အတည်ပြုခဲ့ပြီး ၁၉၁၄ ခုနှစ် သမဝါယမအသင်းဥပဒေကို လွှမ်းမိုးပယ်ဖျက်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် သမဝါယမအသင်းများ အက်ဥပဒေကို ပထမအကြိမ်ပြင်ဆင်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ဒုတိယအကြိမ် ပြင်ဆင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် တတိယအကြိမ်ပြင်ဆင်ခဲ့ရာ ယခင်အက်ဥပဒေအား ပြင်ဆင်သည့်ပုဒ်မ (၁၈) ခု ပါဝင်ပါသည်။

### ၂၀၁၀ ပြည့်နှစ် ဥပဒေပြင်ဆင်ချက်၏ အဓိကအချက်များ

အဓိကပြင်ဆင်ခဲ့သည့် အချက်များမှာ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ၊ လမ်းညွှန်ချက်များဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးနှင့် သမဝါယမပြည်ထောင်စုဝန်ကြီးထံသို့ အကြံပြုတင်ပြရန် အမျိုးသားအဆင့် သမဝါယမဖွံ့ဖြိုးတိုးတက်ရေး ဘုတ်အဖွဲ့အား လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်ပေးအပ်ခြင်း၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ ရေးဆွဲသည့်ကာလနှင့်အညီ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများနှင့် အစီအမံများရေးဆွဲရမည်ဖြစ်ခြင်း၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ မြေယာအခြေချမှု၊ စားသုံးသူ၊ စားဝတ်နေရေးနှင့် ချေးငွေ၊ ဝန်ဆောင်မှုနှင့် ချေးငွေယူနီယံ စသည့်သမဝါယမကဏ္ဍ ခုနစ်ခုလုံးကို မြှင့်တင်ပေးရမည်ဖြစ်ခြင်း၊ ထိုင်းနိုင်ငံသားများသာလျှင် သမဝါယမအသင်းဝင် ဖြစ်ခွင့်ရှိခြင်းတို့ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း လက်ရှိသမဝါယမအသင်းဥပဒေအား ပြင်ဆင်ရန် စီစဉ်လျက်ရှိရာ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ရန်လိုအပ်သည်များကို ပြင်ဆင်ရန်၊ တိုးတက်ကောင်းမွန်စေမည့် ထည့်သင့်ထည့်ထိုက်သည့်အချက်များကို ထည့်သွင်းဖြည့်စွက်ရန် ဆောင်ရွက်လျက်ရှိပါသည်။

### ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာ သမဝါယမကဏ္ဍ

ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာ သမဝါယမကဏ္ဍတွင် စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် မြေယာအသုံးချမှုဟူ၍ အမျိုးအစားသုံးမျိုး ခွဲခြားထားပြီး စိုက်ပျိုးရေးအခြေပြုသမဝါယမအသင်းတွင် နိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်မှာ အသင်းဝင်များ ဖြစ်ကြသည်။

### Photong စိုက်ပျိုးရေး သမဝါယမအသင်း

၁၉၃၆ ခုနှစ်တွင် သမဝါယမအသင်း ငါးသင်းကို အဖွဲ့ဝင် ၇၆ ဦးဖြင့် စတင်တည်ထောင်ခဲ့ပြီး ၃၉၉၀၀ ဘတ်ဖြင့် စတင်လည်ပတ်ခဲ့ရာ ၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် အသင်းသား ၂၈၈ ဦး၊ လည်ပတ်ရန်ပုံငွေ ၈၄၄၆၈၀ ဖြင့် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည်။ ၁၉၇၁ ခုနှစ်တွင် **“Photong စိုက်ပျိုးရေး သမဝါယမလီမိတက်”**ဟု ပြောင်းလဲခဲ့ပြီး ၁၉၇၆ ခုနှစ် မေလ ၁ ရက်နေ့တွင် Photong Cooperative Ltd.၊ Photong Rice Selling Cooperative Ltd. နှင့် Photong Land Cooperative Ltd. တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းခဲ့ပြီး ဆန်လုပ်ငန်းအတွက် အခြောက်ခံခြံ၊ ထရပ်ကားများနှင့် ဂိုဒေါင်များ၊ အဆောက်အအုံ၊ ဗဟိုဈေးများ ပိုင်ဆိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

### ဗဟိုဈေး/ ဗဟိုဈေးကွက်

သမဝါယမအသင်းဗဟိုဈေးတွင် ကုန်ပစ္စည်းများသိုလှောင်ရာနေရာ၊ ဆန်အခြောက်ခံရာနေရာနှင့် ကတ္တားတို့ပါဝင်ပြီး ယင်းသည် ရောင်းသူနှင့် ဝယ်သူတွေ့ဆုံရာနေရာလည်းဖြစ်သည်။ အဆောက်အအုံအားလုံးကို CPD က ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၂ ခုနှစ်တွင် ၎င်းဈေးကွက်မှ ဆန်တန်ချိန် ၁၅၀၀၀၀ ခန့် ရောင်းချနိုင်ခဲ့ကြောင်း သိရှိရသည်။ အသင်းဝင်မဟုတ်သော လယ်သမားများအနေဖြင့် ဗဟိုဈေးရှိ အထောက်အကူပြုပစ္စည်းများကို အသုံးပြုနိုင်သော်လည်း အသင်းမှရရှိသည့် အကျိုးအမြတ်ကိုမူ အသင်းဝင်လယ်သမားများသာ ခံစားခွင့်ရှိမည်ဖြစ်သည်။ ဈေးကွက်တွင် ဆန်တစ်တန် ရောင်းချနိုင်ပါက ဘတ် ၅၀ ရရှိကြောင်း သိရှိရသည်။ အသင်းအနေဖြင့် ဆန်များဝင်ရောက်ရောင်းချခြင်းမရှိဘဲ လယ်သမားများကိုယ်တိုင် ဝယ်သူများနှင့် ပွင့်လင်းမြင်သာစွာ ဈေးနှုန်းညှိနှိုင်းရောင်းချနိုင်သည်ကို တွေ့ရသည်။

### ဘက်စုံဈေးကွက်ရှာဖွေရေး မဟာဗျူဟာ ချမှတ်ခဲ့သည့် KAC စိုက်ပျိုးရေးသမဝါယမအသင်း

၁၉၉၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် Khao Kitchakuod(KAC) စိုက်ပျိုးရေးသမဝါယမအသင်းသည် အဖွဲ့ဝင် ၁၄၀၀ ကျော်ရှိပြီး အသင်း၏အဓိကလုပ်ဆောင်ချက်မှာ အရည်အသွေးပြည့်မီသော သစ်သီးဝလံများ ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ချဲ့ထွင်ခြင်းတို့ဖြစ်သည်။ Khao Kitchakuod ခရိုင်မှ နှစ်စဉ် သစ်သီးဝလံထုတ်လုပ်မှုနှင့် တင်ပို့ရောင်းချရမှု လည်ပတ်ငွေပမာဏမှာ ပျမ်းမျှ အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော်ရှိသည့်အတွက် နိုင်ငံတော်အဆင့် သစ်သီးဝလံထုတ်လုပ်တင်ပို့သူများအသင်း ဖြစ်ပါသည်။

ဘက်စုံဈေးကွက် မဟာဗျူဟာသည် အောက်ခြေမှ အထက်သို့တက်သည့် မဟာဗျူဟာကို အခြေခံထားပြီး ဈေးကွက်ပေါင်းစည်းရေးဆောင်ရွက်ချက်များ၊ ကောင်းမွန်သောစိုက်ပျိုးရေးကျင့်စဉ်များ (Good Agricultural Practices-GAP) ကို အခြေခံသည့် အရည်အသွေးဦးစားပေး သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မှုနှင့် အသင်းဝင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း နည်းလမ်းများကို အဓိကဦးစားပေး ရေးဆွဲထားရှိခြင်းဖြစ်သည်။

### အာဆီယံနိုင်ငံများအကြား သမဝါယမကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ

ထိုင်းနိုင်ငံသည် အာဆီယံဒေသတွင်း သမဝါယမအသင်းများအကြား စိုက်ပျိုးရေးနှင့် အခြားထုတ်ကုန်များအတွက် ဈေးကွက်မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ၂၀၁၉ ခုနှစ်တွင် (၈)ကြိမ်မြောက် အာဆီယံ သမဝါယမကဏ္ဍ စီးပွားရေးလုပ်ငန်းဖိုရမ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အတွေ့အကြုံများ နှီးနှောဖလှယ်ခဲ့ကြသည်။ စီးပွားရေး၊ ကုန်သွယ်မှု၊ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုနှင့် သမဝါယမအသင်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုကို မြှင့်တင်နိုင်ရေးအတွက် ထိုင်း-အာဆီယံ စင်တာနှင့် သတင်းအချက်အလက်ဗဟိုဌာန သမဝါယမအသင်းချုပ် (Thai-ASEAN Center and Information Hub)ကို တည်ထောင်ခဲ့သည်။ စာမျက်နှာ ၁၈ သို့ ❐

> **“ စိုက်ပျိုးရေးသမဝါယမအသင်းဝင်များအတွက် အခြေခံအုတ်မြစ်ဖြစ်သော စပါးမျိုးနှင့် ပဲစေ့မျိုးများကို သမဝါယမကဏ္ဍမြှင့်တင်ရေးဦးစီးဌာနက ထောက်ပံ့ပေးခဲ့ပြီး ထွက်ရှိလာသော အရည်အသွေးမြင့် စပါးနှင့် ပဲများကို ပြန်လည်ဝယ်ယူသည့်အစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။ လယ်ယာထွက်ကုန်များ အရည်အသွေး ပိုမိုကောင်းမွန်စေရန်အတွက် ဝယ်ယူပြီးသော မျိုးစေ့များကို တောင်သူများထံ ပြန်လည်ဖြန့်ဝေပေးသည်။ ထို့ပြင် တောင်သူများ၏ကြွေးမြီများ လျှော့ချနိုင်ရေးအတွက်လည်း စီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့ ”**

# ဆံတော်ရှင်ဆူးလေစေတီတော်ကြီး ရွှေထီးတော်၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းအောင်ပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၂

ဆံတော်ရှင်ဆူးလေစေတီတော်မြတ်ကြီး ရွှေထီးတော်၊စေတီတော်လုံးတော်ပြည့်နှင့်အရံစေတီတော်များအား ရွှေစင်ရွှေပြားမျက်ပါး ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းအောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ဆူးလေစေတီတော်ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

ဦးစွာ ကြွရောက်တော်မူလာကြသည့်ဩဝါဒစရိယဆရာတော်ကြီးများက ဆံတော်ရှင်ဆူးလေစေတီတော်မြတ်ကြီး၊ရွှေထီးတော်၊ စေတီတော်လုံးတော်ပြည့်နှင့် အရံစေတီတော်များအား ရွှေစင်ရွှေပြားမျက်ပါးရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းအောင်ပွဲအဖြစ် အနေကဇာတင်ခြင်း ဆောင်ရွက်တော်မူကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂုဏ်ထူးဆောင် ဓမ္မပါရဂူ ဒေါက်တာ ဘဒ္ဒန္တ ကုမာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ပရိတ်တရားတော်နာယူခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ဘုရားကြီးများအား ဆံတော်ရှင် ဆူးလေစေတီတော် အလှည့်ကျဂေါပကအဖွဲ့ဝင်(စီမံ)ဒါယကာဦးလှသိန်းက ဆူးလေစေတီတော်ကြီး တည်တံ့စေရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ပဏာမ လျှောက်ထားခဲ့ရာ ဆရာတော်ကြီးများက ဩဝါဒကထာကို မိန့်ကြားတော်မူခဲ့သည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များနှင့်ဧည့်သည်တော်များက ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းအောင်ပွဲ အထိမ်းအမှတ်အဖြစ် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူတော်ဝတ္ထုငွေများ ဆက်ကပ်ခဲ့ကြပြီး လှူဒါန်းမှုအစုစုအတွက် တိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုန္ဒရထံမှ ရေစက်ချတရားနာယူပြီး ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

---

❐ စာမျက်နှာ ၁၇ မှ

### သမဝါယမအသင်းနှင့် အစိုးရအဖွဲ့အစည်းများအကြား ဆက်ဆံရေး

သမဝါယမမြှင့်တင်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန၏ သမဝါယမစာရင်းစစ်ဆေးရေးဦးစီးဌာနကဲ့သို့သော အစိုးရဌာနများသည် သမဝါယမအသင်းအဖွဲ့အားလုံးနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုရှိပြီး အောက်ပါတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရသည်-

(က) ဥပဒေပြုရေးမှတ်ပုံတင်ရေးနှင့်သမဝါယမစနစ် အားကောင်းစေရေး၊

( ခ ) နိုင်ငံတစ်ဝန်းရှိ လေ့ကျင့်ရေးစင်တာ ၁၀ ခုမှတစ်ဆင့် သမဝါယမကဏ္ဍစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လေ့ကျင့်ရေးသင်တန်းများ ပို့ချပေးခြင်း၊

( ဂ ) သမဝါယမအသင်းများအား နည်းပညာအကူအညီများပေးခြင်း၊

(ဃ) သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ သမဝါယမအသင်းများသို့ ငွေကြေးအကူအညီ/အထောက်အပံ့များပေးခြင်း၊

( င ) မှန်ကန်သည့် လမ်းညွှန်ချက်များနှင့် ဦးတည်ချက်များ ချမှတ်ပေးခြင်း။

ပြည်နယ်သမဝါယမကဏ္ဍမြှင့်တင်ရေး ဦးစီးဌာနများသည် သမဝါယမအသင်းများအား နည်းပညာအကူအညီများ ပံ့ပိုးပေးသော်လည်း လုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်မှုမရှိကြောင်း သိရပါသည်။

### ထိုင်းနိုင်ငံ၏ သမဝါယမကဏ္ဍဆောင်ရွက်ချက်များ

ထိုင်းအစိုးရသည် သမဝါယမလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန်နှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအကြား ချိတ်ဆက်မိစေရန် ၂၀၁၈ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။

၂၀၁၁ ခုနှစ်တွင် အစိုးရက ပင်လယ်ဆားထုတ်လုပ်ခြင်းကို လယ်ယာလုပ်ငန်းအမျိုးအစားတစ်ခုအဖြစ် သတ်မှတ်သည်။ ထုတ်လုပ်သူများကို တောင်သူများအဖြစ် အသိအမှတ်ပြုခဲ့သဖြင့် ပင်လယ်ဆားထုတ်လုပ်ခြင်းလုပ်ငန်းသည် မဟာဗျူဟာမြောက် ဦးစားပေးလုပ်ငန်းတစ်ခု ဖြစ်လာပြီး ဆားသမဝါယမအသင်းများသည် ထိုင်းနိုင်ငံ၏ အလားအလာကောင်းသော စီးပွားရေးလုပ်ငန်းများ ဖြစ်လာသည်။

တစ်ဖက်တွင်လည်း စိုက်ပျိုးရေးသမဝါယမအသင်းဝင်များအတွက် အခြေခံအုတ်မြစ်ဖြစ်သော စပါးမျိုးနှင့် ပဲစေ့မျိုးများကို သမဝါယမကဏ္ဍမြှင့်တင်ရေးဦးစီးဌာနက ထောက်ပံ့ပေးခဲ့ပြီး ထွက်ရှိလာသော အရည်အသွေးမြင့် စပါးနှင့် ပဲများကို ပြန်လည်ဝယ်ယူသည့်အစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။ လယ်ယာထွက်ကုန်များ အရည်အသွေးပိုမိုကောင်းမွန်စေရန်အတွက် ဝယ်ယူပြီးသော မျိုးစေ့များကို တောင်သူများထံ ပြန်လည်ဖြန့်ဝေပေးသည်။ ထို့ပြင် တောင်သူများ၏ကြွေးမြီများ လျှော့ချနိုင်ရေးအတွက်လည်း စီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။

### လယ်သမားများ၏ကြွေးမြီများ လျှော့ချရေးစီမံကိန်း

နိုင်ငံအတွင်းရှိ ဘတ်ငွေ တစ်သိန်းအောက်ကြွေးမြီရှိသော လယ်သမား ၁ ဒသမ ၅ သန်းခန့်အတွက် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး နှစ်စဉ်အတိုးနှုန်း သုံးရာခိုင်နှုန်း လျှော့ချပေးခဲ့သည့်အပြင် သုံးနှစ်ဆက်တိုက် ချေးငွေယူပိုင်ခွင့်ပေးခြင်းဖြင့် အတိုးနှုန်းမြင့်မားစွာ ချေးယူထားသည့်အကြွေးများအား ပြန်ဆပ်နိုင်စေခြင်း၊ လယ်ယာကုန်ထုတ်စွမ်းအားအတွက်ရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်နိုင်စေခဲ့သည်။

### မြေဩဇာဝယ်ယူရေးချေးငွေ

ထို့ပြင် သမဝါယမကဏ္ဍမြှင့်တင်ရေးဦးစီးဌာနသည် လယ်သမားအသင်းဝင်များအတွက် ဓာတ်မြေဩဇာနှင့် မျိုးစေ့ဝယ်ယူရေးအတွက် အတိုးနှုန်းသက်သာသောချေးငွေရရှိစေမည့် စီမံကိန်းကို ဆောင်ရွက်ပေးခဲ့သည့်အတွက် ရန်ပုံငွေကုန်ကျစရိတ်နှင့် လယ်ယာထွက်ကုန်များ၏ ကုန်ကျစရိတ်တို့ကို လျှော့ချနိုင်ပြီး လယ်သမားများ၏ဝင်ငွေတိုးပွားစေခဲ့သည်ကို တွေ့ရှိရသည်။

### သမဝါယမကဏ္ဍအတွက် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များ

ထိုင်းနိုင်ငံရှိ သမဝါယမအသင်းများတွင်မူ အခြားနိုင်ငံများကဲ့သို့ပင် ငွေကြေးထောက်ပံ့မှုအရင်းအမြစ်များရှိသည်ကိုတွေ့ရပြီး ယင်းတွင် အဖွဲ့ဝင်များ၏ရှယ်ယာများ၊ အဖွဲ့ဝင်များ၏အပ်ငွေများ၊ ပိုလျှံငွေများအပေါ် ဆောင်ရွက်ချက်များ၊ ပြင်ပချေးငွေ/ အထောက်အပံ့များ ပါဝင်သည်ကို တွေ့ရှိရသည်။ ထို့ပြင် သမဝါယမဖွံ့ဖြိုးရေးရန်ပုံငွေဟူ၍ရှိပြီး ယင်းကို သမဝါယမကဏ္ဍမြှင့်တင်ရေးဦးစီးဌာနက စီမံခန့်ခွဲကာ စိုက်ပျိုးရေးသမဝါယမဘဏ်မှ ချေးငွေ မရရှိနိုင်သော သမဝါယမအသင်းများအတွက် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ သမဝါယမကဏ္ဍမြှင့်တင်ရေးဦးစီးဌာနတွင် ရန်ပုံငွေအတွက် စုစုပေါင်းဘတ်သန်း ၃၀၀၀ လျာထားပြီး ဘတ်တစ်သန်းအောက် ချေးငွေရယူခြင်းကို ပြည်နယ်အစိုးရက ဆုံးဖြတ်နိုင်သည်။ ဘတ်တစ်သန်းအထက်ဖြစ်ပါက ဗဟိုအဆင့်က ဆုံးဖြတ်သည်။

### သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု

ဘန်ကောက်မြို့ဆင်ခြေဖုံးရှိ ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်သည့် Patum Rice Mill ဆန်စက်သည် ဆန်များကို လယ်သမားများထံမှ တိုက်ရိုက်ဝယ်ယူခြင်း၊ ဆန်စက်များမှတစ်ဆင့် ဝယ်ယူခြင်းနှင့် စိုက်ပျိုးရေးသမဝါယမအသင်းများထံမှ ဝယ်ယူခြင်းဖြင့် ပြည်တွင်း၊ ပြည်ပသို့ ဆန်များတင်ပို့ရောင်းချလျက်ရှိသည်။ အစိုးရအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့မှုအတွက် စံချိန်စံညွှန်း သတ်မှတ်ပေးထားပြီးဖြစ်သော်လည်း ကုမ္ပဏီဘက်ကလည်း ဆန်အရည်အသွေးကို စဉ်ဆက်မပြတ် စစ်ဆေးရပြီး ထုတ်ကုန်အရည်အသွေးထိန်းချုပ်နိုင်ရန် စပါးအရည်အသွေးအလိုက် ဈေးနှုန်းသတ်မှတ်ပေးသည်ကို တွေ့ရှိရသည်။

ယခုအချိန်တွင် ဈေးကွက်ရှာဖွေရေးလုပ်ငန်းကို ပုဂ္ဂလိကကုမ္ပဏီများက အဓိကအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အချို့သမဝါယမအသင်းများသည် ပုဂ္ဂလိကကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို၍ ကုန်ပစ္စည်းများ တင်ပို့ရောင်းချလျက်ရှိသည်ကို တွေ့ရှိရသည်။

### အစိုးရက ဈေးကွက်ရှာဖွေရေးကို မူဝါဒပိုင်းအရ ပံ့ပိုးကူညီပေးခြင်း

ထိုင်းအစိုးရသည် စပါးထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန်အတွက် ပြည်ပမှ စပါးဝယ်ယူခြင်းအား တားမြစ်သည့် ဥပဒေတစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး စပါးဈေး အနိမ့်ဆုံးသတ်မှတ်ဈေးထက် ကျသွားသည့်အခါ မူလသတ်မှတ်ဈေးနှုန်းဖြင့် အစိုးရက ဝယ်ယူပေးသည့် ဈေးနှုန်းအာမခံစနစ်ကို ထူထောင်ပေးခဲ့သည်။

### ဆင်းရဲမှုလျှော့ချခြင်းဖြင့် လူမှုရေးကဏ္ဍမြှင့်တင်ခြင်း

ထိုင်းနိုင်ငံရှိ သမဝါယမအသင်းအများစုသည် အသင်းဝင်များ၏ စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးရုံသာမက စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် လေ့ကျင့်ရေးသင်တန်းများ ပို့ချပေးခြင်း၊ ဆေးကုသစရိတ်ထောက်ပံ့ပေးခြင်း၊ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုများအတွက် အခြေခံလူမှုဝန်ဆောင်မှုများပေးခြင်းတို့အတွက် လူမှုရေးရန်ပုံငွေများ ထူထောင်ထားရှိပြီး ၂၀၀၅ ခုနှစ်တွင် ထိုင်းနိုင်ငံရှိ စိုက်ပျိုးရေးသမဝါယမအသင်း ၃၇၁ သင်းသည် ၎င်းတို့၏ အသားတင်အမြတ်ငွေမှ ၄ ဒသမ ၆၆ ရာခိုင်နှုန်း (ဘတ် ၅၀၀၀ မှ ၅၀၀၀၀ ကြား) ကို ပညာရေးနှင့် လေ့ကျင့်သင်ကြားပေးရေးအတွက် ခွဲဝေပေးခဲ့ကြောင်း လေ့လာသိရှိရပါသည်။

သမဝါယမအသင်းအဖွဲ့ဝင်တစ်ယောက် ဆုံးပါးသွားခဲ့ပါက နာရေးစရိတ်ကို မျှဝေကျခံခြင်းဖြင့် မိသားစုကို ကူညီရန်အတွက် “နာရေးကူညီမှုအသင်း”ကို ဖွဲ့စည်းတည်ထောင်ထားရှိပြီး ယင်းမှာ ကျေးလက်ဒေသရှိ သမဝါယမအသင်းများအကြားတွင် လုပ်ရိုးလုပ်စဉ်(ထုံးစံ)တစ်ခုဖြစ်သည်။ ထို့ပြင် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ကြုံလာပါကလည်း အရေးပေါ်ချေးငွေများ ထုတ်ချေးပေးခြင်း၊ မသန်စွမ်းသူများအား အများပြည်သူထံမှ အသိအမှတ်ပြုမှုရရှိရန် ကူညီပေးခြင်းဖြင့် မိမိကိုယ်ကို ယုံကြည်မှုရရှိနိုင်စေရန်အတွက် အားပေးလုပ်ဆောင်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် မျက်မမြင်နှင့် မသန်စွမ်းသူများအတွက် ချေးငွေသမဝါယမအသင်းလီမိတက် (Credit Union Cooperative of the Blindness and the Disabled Limited) ကို ထူထောင်ထားရှိပြီး မသန်စွမ်းအဖွဲ့ဝင်များအား အရင်းအနှီးနှင့် ချေးငွေများကိုပေးသည်။ အများစုမှာ ထီရောင်းခြင်းဖြစ်ပြီး လက်ရှိတွင် သမဝါယမအသင်းသား ၁၁၇ ဦး၊ စုစုပေါင်းမတည်ငွေ ဘတ် ၈၀၀၀၀၀ ကျော်ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရသော် အထက်ဖော်ပြပါ လေ့လာတွေ့ရှိချက်များအရ ထိုင်းနိုင်ငံရှိ သမဝါယမလုပ်ငန်းများသည် ကဏ္ဍစုံဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပြီး အစိုးရ-ပုဂ္ဂလိက ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု အားကောင်းစွာဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံတွင်လည်း ကဏ္ဍစုံဖွံ့ဖြိုးရေးအတွက် သမဝါယမစနစ်ကိုစံပြုသည့် ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို သမဝါယမစနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက တောင်သူများ ဝင်ငွေတိုးပွားလာသည်နှင့်အမျှ ဆင်းရဲမှုလျှော့ချရေး၊ နိုင်ငံ့စီးပွားမြင့်မားရေးတို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ ။

**ကိုးကားစာရင်း-**

Cooperatives in Thailand (http://icaap.coop/sites/ica-ap.coop/files)

COOPERATIVE MOVEMENT IN THAILAND (2005)

---

### ☆ ကျောဖုံးမှ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ ၂၀၂၃ခုနှစ် မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် ရေယာဉ် ၄၈ စင်းဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၇၀၂၃၀ ဒသမ ၁၁ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန်တို့ကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

### ❍ ရန်ကုန်မှ

ဂိုးများထပ်မံရရှိကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၇၄ မိနစ်တွင် ယဉ်လွန်းအိမ်၊ ၈၄၊ ၉၀+၁ မိနစ်တွင် လင်းမြင့်မိုရ်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် လင်းမြင့်မိုရ်က ရရှိသည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ကိုးပွဲကစား ၂၃ မှတ်၊ ရန်ကုန်အသင်းက ၁၀ ပွဲကစား ၂၂ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၁) ဒုတိယနေ့အဖြစ် ဩဂုတ် ၃ ရက်တွင် YUSC ကွင်း၌ YREO အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ပဒုမ္မကွင်း၌ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ- MWL**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ ရပ်ကွက် (၁)/မြေတိုင်း ၁၂၊ အဓိပတိလမ်း၊ အမှတ်( ၁၀၆ ) ဟုခေါ်တွင်သော အကျယ်အဝန်း ၄၀ ပေ x ၆၀ ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦတို့၏ အကျိုးခံစားခွင့် အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးစန်း [၁၂/ ဥကမ (နိုင်)၀၁၆၇၅၁]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမြင့်ထွေး [၁၂/ဒဂတ (နိုင်) ၁၄၁၇၈၁] က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့ရက်မှ(၇)ရက်အတွင်း တိကျ ခိုင်လုံသော အထောက်အထားများ၊ စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါနေ့ရက်ကျော်လွန်၍ ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမြင့်ထွေး**
**[၁၂/ဒဂတ(နိုင်)၁၄၁၇၈၁]**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြင့်မြင့်အောင် ( LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၅၅၅၄)/ (၂၇–၆–၂၀၁၉)**
**အမှတ်–၂၂/က၊ အောင်ချမ်းသာလမ်း၊ (၃ )ရပ်ကွက်၊**
**လှိုင်သာယာအရှေ့ပိုင်းမြို့နယ်။**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၆)၊ ဦးပေါ်ဦးလမ်း၊ မြေကွက်အမှတ် (၆၄၈) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား x အနံ (၄၀x၆၀) ပေမြေကွက်သည် ဦးကျော်ထွန်းအမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး ထိုမြေကွက်ကြီးအနက်မှ (ခြေရင်းခြမ်း) အလျားxအနံ (၂၀x၆၀) ပေ ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် (ရေ+မီး) အပါအဝင် အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်းအေး [၁၂/ဥကမ(နိုင်)၁၃၀၃၉၉] မှ လက်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးချစ်မင်းအောင် [၇/ပခန(နိုင်)၂၉၃၉၆၄] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၁၆– ၈– ၂၀၂၄) ရက်နေ့နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ အိမ်ခြံမြေ နှစ်ဦးသဘောတူ အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချစ်မင်းအောင်၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၈၀၆၉)**
**အမှတ် (၁၂/၁၈၉) ၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၂၆၁၁၀၁၁၃၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်သိဒ္ဓိလမ်းသွယ်၊ အကွက်အမှတ် (၂၂)၊ သိမ်ကျောင်းကွက်၊ ဦးပိုင်အမှတ်(၁/ဆ/၂)၊ ဧရိယာ (၀. ၀၂၉) ဧကအကျယ်ရှိ ဒေါ်အေးမင်းသန်းအမည်ဖြင့် ၃ (ခ) ရရှိထားသည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်စာချုပ်အမှတ် (၈၅/၂၀၂၄) ဖြင့် ဒေါ်အေးမင်းသန်းထံမှ ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်ကြသည့် ၁။ ဦးသန့်ဇင်ချို(ဘ)ဦးမြင့်ကြည် [၁၂/ဗဟန(နိုင်)၀၇၅၅၃၇]၊ ၂။ ဒေါ်စပယ်(ဘ)ဦးချစ်သိန်း [၁၂/အလန(နိုင်)၀၁၉၆၂၂] ကိုင်ဆောင်သူများထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဉာဏ်လင်းကျော် (ဘ) ဦးကျင်ပိန် [၁၂/အလန(နိုင်) ၀၃၈၂၂၃] မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင် စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း (မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးသန္တာ (LL.B)** | **ဒေါ်မြင့်မြင့်ခိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၉၇၉၉/၂၀၁၄)** | **(စဉ်– ၁၂၃၆၂/၂၀၁၇)** |
| **၀၉ – ၄၂၀၁၉၂၈၂၅** | **၀၉ – ၄၂၀၂၅၃၇၃၅** |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊**
**အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## တွံတေးခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်– ၁၆

ကွယ်လွန်သူ ဦးတင်ဝင်း၏ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ ဗိုလ်ချုပ်လမ်း၊ ကွမ်းခြံရပ်ကွက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးတင်ဝင်း၏ ကျန်ရစ်သော ပစ္စည်းများ အပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးမြင့်စိုးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် (၁၃၈၆ ခုနှစ် ဝါခေါင်လဆန်း ၁၁ ရက်) နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးတင်ဝင်း၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် ( ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးမြင့်စိုး၏ လျှောက်လွှာ အပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်း အရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဝင်းနိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**တွံတေးခရိုင်တရားရုံး**

## မတည်ငွေရင်းလျှော့ချကြောင်း အသိပေးကြေညာခြင်း

EDU PRIME COMPANY LIMITED သည်(၂–၈–၂၀၂၄)တွင် ဆုံးဖြတ်ချမှတ်ခဲ့သော အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ အစုရှယ်ယာ(၁)စုလျှင် MMK– ၁,၀၀၀,၀၀၀ ဖြင့် အစုပေါင်း(၁၀၀)စု၊ မတည်ငွေကျပ်သိန်း ၁၀၀,၀၀၀,၀၀၀ိ/မှ အစုရှယ်ယာ(၁)စုလျှင် MMK– ၁,၀၀၀,၀၀၀ဖြင့် အစုပေါင်း(၃၀)စု၊ မတည်ငွေကျပ်သိန်း ၃၀,၀၀၀,၀၀၀ိ/ သို့ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**EDU PRIME COMPANY LIMITED (BOD အဖွဲ့)**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက် ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၇၂/၇၄)ဟုခေါ်တွင်သော (၄)ခန်းတွဲ (၈)ထပ်တိုက်အနက်မှ (၈–လွှာ/ဘီ)၊ အကျယ်အဝန်း (၁၇x၅၅) ပေရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီးအစုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ဦးဇေယျာမိုးဦး [၁၂/မဂတ(နိုင်) ၀၈၆၆၇၂] မှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့် အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းနိုင် [၁၂/တမန(နိုင်)၀၇၈၄၃၇] က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စ နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၇၆၄)**
**အမှတ်– ၃၆၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၈၀၀၅၄၀၆၀၊ ၀၉–၅၀၈၈၆၀၅**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၅၄ နှင့်ဆက်နွှယ်သည့်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၉၂

| | | |
|---|---|---|
| ဒေါ်ဖြိုးအေးဆု | နှင့် | ၁။ ဦးချမ်းမင်းအောင် |
| | | ၂။ ဒေါ်သဲနေဇာလင်း |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၂) ရပ်ကွက်၊ သီတဂူလမ်း၊ အမှတ်(၆၁၃)နေ (၁) တရားရှုံး ဦးချမ်းမင်းအောင် နှင့် (၂) တရားရှုံး ဒေါ်သဲနေဇာလင်း (ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၅၄တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဖြိုးအေးဆုက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့ ( ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ်၄ ရက်) နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သီတာနွယ်)**
**ခရိုင်တရားသူကြီး**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ဒဂုံမြို့သစ်ခရိုင် တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၉၃

| | | |
|---|---|---|
| ဦးစိမ့်ဖြိုးအောင် | နှင့် | ၁။ဒေါ်မာဒီမား |
| | | ၂။ဦးနေမျိုးထိုက် |
| | | ၃။ဒေါ်သောင်းညွန့်(ခ) ဒေါ်သုမေ |
| တရားလို | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်–၂၄ နေ ဦးနေမျိုးထိုက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိမ့်ဖြိုးအောင်က ယခင်ရန်ကုန် အရှေ့ပိုင်းခရိုင်တရားရုံး (ယခုဒဂုံမြို့သစ်ခရိုင်တရားရုံး)၊ ၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ်–၆၂တွင် ချမှတ်သော စီရင်ချက်နှင့် ဒီကရီသည် တရားလိုအပေါ်တွင် အကျိုး သက်ရောက်မှု မရှိသည့်အပြင် လွှမ်းမိုးမှုလည်းမရှိကြောင်းနှင့် အချင်းဖြစ် တိုက်ခန်း၏ လက်ရှိပိုင်ရှင်သည် တရားလိုသာ ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်၊ (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၃၀ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ဓာတ်ဆီဂါလန် (၉.၀၀)သိန်းအား အောက်ဖော်ပြပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | ပစ္စည်း အမျိုးအမည် | ပမာဏ (ဂါလန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|
| | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁ | ဓာတ်ဆီ | ၃၀၀,၀၀၀ | ၂၀–၈–၂၀၂၄ | ၁၂:၀၀ | ၂၀–၈– ၂၀၂၄ | ၁၄:၀၀ |
| ၂ | ဓာတ်ဆီ | ၃၀၀,၀၀၀ | ၃–၉–၂၀၂၄ | ၁၂:၀၀ | ၃–၉–၂၀၂၄ | ၁၄:၀၀ |
| ၃ | ဓာတ်ဆီ | ၃၀၀,၀၀၀ | ၁၇–၉–၂၀၂၄ | ၁၂:၀၀ | ၁၇–၉–၂၀၂၄ | ၁၄:၀၀ |

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း ၀၆၇–၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင် ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်ခင်မော် ၁၀/ မဒန(နိုင်) ၀၁၉၃၅၃ ၏အမည်မှာ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်တွင် မခင်မော် ဖြစ်နေပါသဖြင့် ဒေါ်ခင်ခင်မော်နှင့် ဒေါ်ခင်မော်မှာ တစ်ဦးတည်းသာဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်း ဒေသကြီး၊ မြောင်းမြမြို့၊ အထက(၆)၊ ကျောင်းဝင် အမှတ်(၁၆၈၄/၂၂)၊ GRADE–12(STEAMS–2) မှ မောင်ဝေလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်တင်သန်း [၁၄/လပတ(နိုင်)၁၃၆၂၃၀] ဖြစ်ပါကြောင်း။

**ဦးမောင်တင်သန်း**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ)ဦးစောဦး၏ သမီး မနီလာ[၁၂/စခန (နိုင်)၀၆၁၅၁၈]၏ နိုင်ငံကူးလက်မှတ် (M–168210)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09–775442366**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးရဲမြင့်၏ သမီး ဒေါ်ဖြူဖြူအောင် [၁၂/သလန (နိုင်)၀၇၂၉၄၂]၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိပါသဖြင့်) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09–799370844**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ)ဦးအောင်မြင့်၏ သား မောင်ခင်မောင်သက်[၁၂/ထတပ (နိုင်)၁၄၁၆၂၂]၏ နိုင်ငံကူးလက်မှတ် စာအုပ်အမှတ် (MJ–097052) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09–796272683**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၁၊မြေကွက် အမှတ်–၅၃၃/က၊မြေကွက်တည်နေရာ အမှတ်–၅၃၃/က၊ သီဟသူ (၁) လမ်း၊ (၁၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် [ဒေါ်အေးမြင့်(၁၂/ဥကတ(နိုင်) ၀၁၃၅၂၀)] အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်အေးမြင့် မြေကွက်အား ဒေါ်အေးမြင့် (မွေးစားမိခင်) နှင့် ဦးရွှေတူ (အမည်ပေါက် ဒေါ်အေးမြင့် ၏ ခင်ပွန်း ကွယ်လွန်ပြီး) ကိတ္တိမသမီးများအဖြစ် မွေးစားခြင်း စာချုပ်အမှတ်– ၆၇၄၀/၂၀၀၇ (၁၀–၁၀–၂၀၀၇) ဖြင့် မွေးစားခံရသူ သမီး (၂) ဦးအနက် သမီး တစ်ဦးဖြစ်သူ ဒေါ်တင်ဝေ(ခ)ဒေါ်တင်ငွေ(ခ) ဒေါ်ဝေဝေ (အပျိုကြီး ဘဝဖြင့် ထပ်မံကွယ်လွန်) သဖြင့် ဒေါ်ဝင်းကြည် [၇/ညလပ (နိုင်) ၀၆၉၀၂၇] မှကျန်ရှိ ကိတ္တိမ သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ အမှတ်– ၆/၆၅၀/၂၀၂၄ (၁၃–၆–၂၀၂၄)၊ ထောက်ခံ ကျမ်းကျိန်လွှာ (၂) စောင်၊ ကိတ္တိမသမီးများအဖြစ် မွေးစားခြင်းစာချုပ်၊ ဂရန်၊ နိုင်ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သင့်သွေးဖြင့်
## အသက်
## ကယ်ပါ

## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ မြေကွက်အမှတ်(၁၀)၊ (၆)ထပ်တိုက်(ရင်ကွဲ)၊ (၅)လွှာ(ဘီ)၊ အကျယ်အဝန်း (၁၂.၅ ပေx၅၀ပေ)၊ နှစ်ခန်းတွဲတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ရေ၊ မီးအပြည့်အစုံပါလူနေထိုင် သုံးစွဲခွင့်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထား၍ ရောင်းပိုင်ခွင့်ရှိသည်ဟုဆိုသော ဒေါ်ယုယုဝါ[၇/ကဝန(နိုင်)၀၉၅၂၀၄] ထံမှကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့် ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကုမုဒြာ LL.B,D.B.L,D.I.L,I.D.C.S,EDFM**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၈၉၉) ဖုန်း–၀၉–၄၂၀၀၉၉၆၅၆**

## ဒေါ်စိန်စိန် [၅/ခဥန(နိုင်)၀၃၇၈၆၃]နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဇော်မြင့်ဦး [၇/ပတတ(နိုင်)၀၈၁၇၇၉] အမှတ်(၆၄၂/ခ)၊ စစ်ကိုင်း (၂၉)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ် (၂၅၄/၂၀၂၄) အမှုတွင် တရားလို ဦးဇော်မြင့်ဦးမှ တရားခံ နေနိုင်အပေါ် ရာဇသတ်ကြီးပုဒ်မ (၃၈၀)ဖြင့်လည်းကောင်း၊ စွပ်စွဲခံရသူ ဒေါ်စိန်စိန်အား ရာဇသတ်ကြီးပုဒ်မ (၄၁၁/၃၈၀)ဖြင့်လည်းကောင်း၊ စွပ်စွဲခံရသူ ဒေါ်စိန်စိန်အား ရာဇသတ်ကြီးပုဒ်မ (၄၁၁/ကျင့် ၅၁၂) ဖြင့်လည်းကောင်း တရားစွဲဆိုထားပါသည်။ ဒေါ်စိန်စိန်အား တရားခံပြေးမှုဖြင့် ဖွင့်လှစ်ထားပါသည်။ စွပ်စွဲခံရသူ ဒေါ်စိန်စိန် [၅/ခဥန(နိုင်)၀၃၇၈၆၃] မှ ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော

(၁) အိမ်အမှတ်(၆၄၂/ခ)၊ စစ်ကိုင်း(၂၉)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (အလျားxအနံ) (၂၀x၆၀)ပေပေါ်ရှိ ၂ ထပ်တိုက်နှင့် ထိုအိမ်ခြံမြေနှင့်ပတ်သက်ဆက်နွှယ်သော ဦးစန်းမောင် အမည်ပေါက် နှစ်(၆၀) ဂရန်မူရင်းနှင့် ဆက်စပ်စာချုပ်စာတမ်းများ။

(၂) အိမ်အမှတ် (၉၆၅+၉၆၈)၊ မြရိပ်ညို(၂)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဧရိယာ (၀. ၀၆၅)ဧကပေါ်ရှိ အဆောက်အဦနှင့် ဦးဇော်မြင့်ဦး အမည်ပေါက် စာချုပ်နှင့်ဆက်စပ်စာချုပ်စာတမ်းများ။

(၃) အိမ်အမှတ်(၃၃/က)၊ သမာဓိ(၄)လမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဧရိယာ (၀. ၀၁၄)ဧကပေါ်ရှိ အဆောက်အဦနှင့် ဦးဝူချုံမုန်း အမည်ပေါက်စာချုပ်နှင့် ဆက်စပ်စာချုပ်စာတမ်းများ၊

(၄) တိုယိုတာ Fielder အမျိုးအစား၊ ယာဉ်အမှတ် (FF/7399) မီးခိုးရောင် ၂၀၀၃ မော်ဒယ်ယာဉ်နှင့် ပတ်သက်ဆက်နွှယ်သည့် ဦးဇော်မြင့်ဦးအမည်ပေါက်စာအုပ်၊ စာချုပ်နှင့်ဆက်စပ်စာချုပ်စာတမ်းများတို့အား ကိုနေနိုင်၊ မမေစံပယ်မိုးတို့မှ ယူဆောင်သွား၍ မိခင်ဖြစ်သူ ဒေါ်စိန်စိန်၏လက်ဝယ်သို့ ပေးအပ်ခဲ့ပါသည်။

ဒေါ်စိန်စိန်မှ ဦးဇော်မြင့်ဦးပိုင်ဆိုင်သော အမှတ်စဉ်(၁)မှ (၄)ထိ ပစ္စည်းများအား ယူဆောင်ပြီး အမှုအား ရင်ဆိုင်ဖြေရှင်းဆောင်ရွက်ခြင်း မရှိပါသောကြောင့် ဦးဇော်မြင့်ဦး ဝယ်ယူပိုင်ဆိုင်သော အထက်ဖော်ပြပါ အမှတ်စဉ် (၁)မှ (၄)ထိ စာချုပ်စာတမ်းများအား ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက် မရရှိဘဲ အခြားသူများသို့ တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အမည်ပြောင်းခြင်း ပြုလုပ်ပါကလည်းကောင်း၊ လက်ခံဆောင်ရွက်ခဲ့ပါကလည်းကောင်း၊ လက်ခံဆောင်ရွက်သူများကိုပါ ဥပဒေအရ ထပ်မံ၍ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်စိန်စိန်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ယခုကြေညာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေပိုင် အထက်ဖော်ပြပါ စာရွက်စာတမ်းများအား ပြန်လည်လာရောက်အပ်နှံရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဇော်မြင့်ဦး**
**[၇/ပတတ(နိုင်)၀၈၁၇၇၉]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာအောင် (ကနောင်)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၂၅၁)**
**အမှတ်(၈၄–က)၊ တကောင်း(၅)လမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉၂၅၆၂၉၆၉၅၉**
**ဒေါ်ဇင်မာဦး**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၇၇၀)**
**အမှတ်(၇၈၄)၊ သရေခေတ္တရာ(၂၂)လမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉ ၇၆၄၈၀၀၃၉၃**

## ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်-RLG/5049 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **က.ည.န၊ ခရိုင်ရုံး(သထုံ)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်-အောင်မင်္ဂလာ၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇ ၊ အောင်မင်္ဂလာလမ်း၊ မြေကွက်အမှတ်-၁၀၁၂၊ အကျယ်အဝန်း (၉၀ ပေ x ၉၁ ပေ)၊ ဧရိယာ (၀.၁၈၈) ဧကအကျယ်ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသူရိန်သော် [၉/စကတ(နိုင်)၀၀၀၇၉၃] မှ အမည်ပေါက်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)များ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း . အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၃၀၀)**
**အမှတ်-၁၆(ခ)၊ ရန်ကုန်လမ်း၊ ၆/၉ ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-420058553, 09-799466954**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

